သတင်းနှင့်ပြန်ကြားရေးဌာန

News & Information Department

PSLF/TNLA

စာစောင်အမှတ် - ၀၂/၂၀၁၆

ဇူလိုင်လ - ၂၀၁၆ ခုနှစ်


နိုင်ငံရေး ဦးတည်ချက်

(က) တအာင်းတစ်မျိုးသားလုံး အဖိနှိပ်ခံဘဝမှ လွတ်မြောက်ရေး။

(ခ) ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို အာမခံသည့် တအာင်းပြည်နယ် တည်ဆောက်ရေး။

(ဂ) မဟာလူမျိုးကြီးဝါဒနှင့် စစ်အာဏာရှင်စနစ် တိုက်ဖျက်ရေး။

(ဃ) ကိုယ့်ကံကြမ္မာကို ကိုယ်တိုင်ဖန်တီးနိုင်သည့် အမျိုးသားတန်းတူညီမှု ရရှိရေး။

(င) အမျိုးသားကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံသည့် ဒီမိုကရက်တစ် ပြည်ထောင်စုနိုင်ငံ တည်ဆောက်ရေး။

# PNF တော်လှန်ရေးနှင့် အစချီပြီး PSLF လက်နက်အစ်ရခြင်း သမိုင်းကြောင်းအား ပြန်လည်တူးဆွခြင်း (သို့) ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး၏ သမိုင်းကြောင်းအား ပြန်လည်ဖော်ထုတ်ခြင်း

## PSLF/TNLA ဒု - ဥက္ကဋ္ဌ (၁) ဗိုလ်မှူးချုပ် တာဂျတ်ဂျားနှင့် မေးမြန်းခန်း – အပိုင်း (၁)



TNLA သစ္စာအဓိဋ္ဌာန် – ငါးချက်မှာ “ငါတို့သည် ဘယ်သောအခါမှ လက်နက်ချအညံ့ခံမည်မဟုတ်” “အူယာမ်မဟ် ကာခါမ်ချလာက်နာက်” ဆိုတာပါပြီး အဖွဲ့ဝင်တိုင်း နေ့စဉ်ကတိသစ္စာပြုကြရပါတယ်။

## လားရှိုးမြို့နယ် မိုင်းယော်ဒေသခံများအား သတ်ဖြတ်ခဲ့သည့် မြန်မာ့တပ်မတော်၏အကြမ်းဖက်လုပ်ရပ်ကို ကန့်ကွက်ရှုတ်ချသည့် သဘောထားထုတ်ပြန်ချက်

### သဘောထားထုတ်ပြန်ချက်အမှတ် (၉/၂၀၁၆)

### ၃ ရက် ဇူလိုင်လ ၂၀၁၆ ခုနှစ်

၂၅ ရက်နေ့ ဇွန်လ ၂၀၁၆ ခုနှစ်တွင် လားရှိုးမြို့နယ် မိုင်းယော်ဒေသခံရွာသား ၇ ဦး အား ရက်စက်စွာ ဖမ်းဆီးသတ်ဖြတ်ခဲ့သည့် မြန်မာ့တပ်မတော်၏ အကြမ်းဖက်လုပ်ရပ်ကို ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး P.S.L.F /T.N.L.A မှ အပြင်းအထန်ကန့်ကွက်ရှုတ်ချလိုက်ပါသည်။

ထိုနေ့တွင် မြန်မာ့တပ်မတော်တပ်ဖွဲ့များသည် မိုင်းယော်မြို့အနီး ပြောင်းဖူးခြံလုပ်ငန်းလုပ်ကိုင်နေသည့် မန်ကစ်နှင့်မန်တပ်ရွာသားများအားဖမ်းဆီးခဲ့ပြီး၊ ဆိုင်ကယ်စီးသူရွာသားနှစ်ဦးကို ပစ်ခတ်လိုက်သဖြင့် ထိုနေရာတွင်ပင် သေဆုံးသွားကြောင်း ဖမ်းဆီးခံရွာသားများက ပြောကြားခဲ့ပါသည်။ ဖမ်းဆီးထားသည့်ရွာသားများကို ပြန်လွှတ်ပေးရန် မိုင်းယော်အုပ်ချုပ်ရေးမှူးမှတဆင့် တောင်းဆိုခဲ့သော်လည်း မြန်မာ့တပ်မတော်က ပြန်မလွှတ်ပေးခဲ့ချေ။

ထိုမြန်မာ့တပ်မတော်တပ်ဖွဲ့တို့ နေရာရွှေ့ပြောင်းသွားပြီးနောက် ၂၉ ရက်နေ့ ဇွန်လတွင် ထိုပြောင်းခြံအနီးတွင် မြန်မာ့တပ်မတော်တပ်ဖွဲ့များမြှုပ်နှံထားသည့် ကျင်း နှစ်ကျင်းတွင် လူသေအလောင်း ၅ လောင်းကို တူးဖော်တွေ့ရှိခဲ့သည်။ သေဆုံးသူများမှာ (၁) အိုက်ဆိုင် (ဘ) ဦးခမ်းဟိန်း၊ ၂၃ နှစ်၊ (၂) အိုက်လွတ် (ဘ) ဦးအိုက်ငွေး ၃၉ နှစ် နှင့် (၃) အိုက်မောင် (ဘ) ဦးအိုက်ညီ ၂၇ နှစ် တအာင်း-ပလောင်လူမျိုး မန်ကစ်ရွာသားများ ဖြစ်ကြပြီး၊ (၄) စိုင်းမွန်းအောင်(ခ) စိုင်းရွှေလူ (ဘ) ဦးအိုက်စိန် ၁၇ နှစ် ရှမ်းလူမျိုးနှင့် (၅) အိုက်မောင် အသက် ၂၃ နှစ် တအာင်းလူမျိုး မန်တပ်ရွာသားများဖြစ်ကြပါသည်။

မြန်မာ့တပ်မတော်၏ မြဝတီသတင်းက ထိုသေဆုံးသူများမှာ ၂၅ ရက်နေ့တွင်ဖြစ်ပွားသော တိုက်ပွဲတွင် ကျဆုံးခဲ့သည့် TNLA တပ်ဖွဲ့ဝင်များ၏အလောင်းဟု ၁ ရက်နေ့ ဇူလိုင်သတင်း၌ မှားယွင်းစွာ သတင်းထုတ်ပြန်ထားပါသည်။

တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် P.S.L.F /T.N.L.A ၏ တပ်မဟာ (၆) တပ်ဖွဲ့ဝင်များသည် မိုင်းယော်ဒေသ တွင်အခြေစိုက် လှုပ်ရှားနေသော်လည်း ၂၀၁၅ ခုနှစ်ဖေဖော်ဝါရီလမှစတင်ပြီး ယနေ့ကာလအထိ ထိုနေရာဒေသများ တွင် တိုက်ပွဲများမဖြစ်ပွားစေရန် အတတ်နိုင်ဆုံးရှောင်ရှားလျက်ရှိပါသည်။ ထိုဖော်ပြပါနေ့ရက်တွင် ထိုနေရာဒေသ၌ မိမိတို့တအာင်းတပ်မတော်နှင့် မည်သည့် တိုက်ပွဲထိတွေ့မှုမျှ မရှိခဲ့ပါ။

ထို့ကြောင့် မြန်မာ့တပ်မတော်၏ အကြမ်းဖက်သတ်ဖြတ်ခြင်းကိုခံခဲ့ရသည့် လားရှိုးမြို့နယ် မိုင်းယော် ဒေသခံ ရွာသား (၇)ဦး တို့၏ တရားမျှတမှုကို ဝိုင်းဝန်းဖော်ထုတ်ကာ အရေးယူဆောင်ရွက်ကြပါရန် ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး P.S.L.F /T.N.L.A မှ နိုင်ငံရေးပါတီများနှင့် လူမှုအဖွဲ့အစည်းများအား အထူးတိုက်တွန်းနှိုးဆော် ပန်ကြားအပ်ပါသည်။

"ဘုံ်ပ်ဘိုန် ကုင်တအာင်း"

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး P.S.L.F / T.N.L.A

# RCSS/SSA ကျူးကျော်စခန်းတခုအား တအာင်းတပ်မတော်မှ ထပ်မံရှင်းလင်းနိုင်ခဲ့ပြီး RCSS/SSA တပ်ဖွဲ့မှ (၉) ဦးကျဆုံး

၂၀၁၆ ခုနှစ် ဇူလိုင်လ ၄ ရက်

တအာင်းဒေသ၊ တပ်မဟာ (၂) နယ်မြေ၊ ကျောက်မဲမြို့နယ်၊ မိုင်းငေါ့မြို့နယ်ခွဲ၊ ကိန်းကိုင်ကျေးရွာ အနီးရှိ RCSS/SSA ကျူးကျော်စခန်း၌ ယနေ့ ဇူလိုင်လ ၄ ရက် နံနက် ၀၉း၃၀ မှ ၁၃း၃၀ နာရီအချိန်ထိ တအာင်းအမျိုးသား လွတ်မြောက်ရေး တပ်မတော် (TNLA) တပ်ရင်း (၉၈၇) နှင့် RCSS/SSAတပ်ဖွဲ့တို့ အပြင်းအထန်တိုက်ပွဲ ဖြစ်ပွားခဲ့ပြီး အဆိုပါစခန်းအား တအာင်းတပ်မတော်မှ တက်ရောက် ရှင်းလင်းနိုင်ခဲ့သည်။ အဆိုပါစခန်းအားတက်ရောက်ရှင်းလင်းစဉ် RCSS/SSA တပ်ဖွဲ့အလောင်း (၉) လောင်း၊ လက်နက်ငယ်အမျိုးအစား M-16 – ၄ လက်၊ စက်လတ် (ငါးကြင်းမြီး) ၁ လက်၊ ပစ္စတို ၂ လက်၊ လက်ကိုင်စကားပြောစက် (ICON) ၂ လုံး သိမ်းဆည်းရမိသည်။ တအာင်းတပ်မတော်ဖက်မှ ၂ ဦး အမျိုးသားအတွက် အသက်ပေးလှူ သွားခဲ့သည်။ RCSS/SSAတပ်ဖွဲ့သည် အဆိုပါနေရာ၌ ကျူးကျော်စခန်းချကာ လမ်းသွားလမ်းလာ မိဘပြည်သူများ ဖမ်းဆီးစစ်ဆေးခြင်း၊ မိုင်းထောင်ခြင်း၊ ဆက်ကြေးကောက်ခံခြင်း၊ တပ်သားသစ်စုဆောင်းခြင်းပြုလုပ်သည့် နေရာဖြစ်သည်။



ဇွန်လ ၄ ရက်နေ့ ကျောက်မဲမြို့နယ် ကိန်းကိုင်ကျေးရွာအနီး တိုက်ပွဲတွင် RCSS တပ်ဖွဲ့ထံမှ သိမ်းဆည်းရမိသည့် လက်နက်ခဲယမ်းများ



ဇွန်လ ၄ ရက်နေ့ ကျောက်မဲမြို့နယ် ကိန်းကိုင်ကျေးရွာအနီးတိုက်ပွဲ တွင် RCSS တပ်ဖွဲ့ထံမှ သိမ်းဆည်းရမိသည့် လက်နက်ခဲယမ်းများ

## ရက်တစ်ရက်အတွင်း တအာင်းတပ်မတော်နှင့် RCSS/SSA တို့တိုက်ပွဲ ၃ ကြိမ်ဖြစ်ပွား

၂၀၁၆ ခုနှစ် ဇူလိုင်လ ၄ ရက်

တအာင်းဒေသ၊ တပ်မဟာ (၃) နယ်မြေ၌ ယနေ့ ဇူလိုင်လ ၄ ရက် ည ၁၈း၀၀နာရီမှ ၂၀း၀၀နာရီအထိတအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်(TNLA) နှင့် RCSS/SSA တပ်ဖွဲ့တို့ မန်တုံမြို့နယ်၊ မန်မိုင်ကျေးရွာ၌ ၁ ကြိမ်၊ ည ၁၆း၀၀ နာရီမှ ၁၈း၃၀ နာရီထိ မန်အီကျေးရွာနှင့် ဟိုနားရွာကြားတွင် တစ်ကြိမ်တိုက်ပွဲထပ်မံဖြစ်ပွားခဲ့သည်။ နံနက် ၀၉း၃၀ မှ ညနေ ၁၃း၃၀ နာရီအထိတွင်လည် ကျောက်မဲမြို့နယ်၊ မိုင်းငေါ့မြို့နယ်ခွဲ ၊ ကိန်းကိုင်ရွာ အနီးတွင် တအာင်းတပ်မတော် တပ်ရင်း (၉၈၇)နှင့် RCSS/SSA တပ်ဖွဲ့တို့ တိုက်ပွဲ အပြင်းအထန် ဖြစ်ပွားခဲ့ကာ RCSS/SSA တပ်ဖွဲ့၏ ကျူးကျော်စခန်းအား တအာင်းတပ်မတော်မှ တက်ရောက်ရှင်းလင်းနိုင်ခဲ့သည်။ အဆိုပါဒေသတွင် တိုက်ပွဲပိုမိုပြင်းထန်လာနိုင်ပြီး ယနေ့ ဇူလိုင်လ ၄ ရက်နေ့တွင် တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် TNLA နှင့် RCSS/SSA တပ်ဖွဲ့တို့တိုက်ပွဲ (၃)ကြိမ် ဖြစ်ပွားခဲ့သည်။



## တအာင်းတပ်မတော်နှင့် RCSS/SSA တပ်ဖွဲ့တို့ တိုက်ပွဲ ဆက်လက်ဖြစ်ပွား

၂၀၁၆ ခုနှစ် ဇူလိုင်လ ၁၂ ရက်

တအာင်းဒေသ၊ မန်တုံမြို့နယ်၊ မန်မိုင်ကျေးရွာတွင် ယနေ့ နံနက် ၀၅း၀၀ နာရီမှ ၁၀း၀၀ နာရီအထိ တအာင်းတပ်မတော်နှင့် RCSS/SSA တပ်ဖွဲ့တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။ တိုက်ပွဲတွင် တအာင်းတပ်မတော် ဖက်မှထိခိုက်မရှိပဲ RCSS/SSA တပ်ဖွဲ့ဖက် ထိခိုက်ကျဆုံးမှု အသေးစိတ်စာရင်း မသိရသေးကြောင်း သိရပါသည်။ မန်မိုင်ကျေးရွာတွင် ရောက်ရှိ တည်းခိုနေသော တအာင်းတပ်မတော်အား RCSS/SSA တပ်ဖွဲ့မှ စစ်ကြောင်း ၃ ဖက်ဖြင့် လာရောက်တိုက်ခိုက်ရာ တိုက်ပွဲ အပြင်းအထန် ဖြစ်ပွားခဲ့ပြီး RCSS/SSA တပ်ဖွဲ့တို့ အထိနာသဖြင့် ပြန်လည်ဆုတ်ခွာသွားချိန်တွင် တိုက်ပွဲပြီးဆုံးသွားသည်။

## TNLA + KIA ပူးပေါင်းတပ်ဖွဲ့နှင့် မြန်မာ့တပ်မတော်တို့ တိုက်ပွဲအပြင်းအထန်ဖြစ်ပွား

၂၀၁၆ ၊ ဇူလိုင်လ ၂၈ရက်နေ့တွင် တအာင်းဒေသ၊ တပ်မဟာ (၅)နယ်မြေ ၊ ကွတ်ခိုင်မြို့နယ် တာမိုးညဲမြို့နယ်ခွဲ ဟိုပုန်ကျေးရွာ အနီး နေ့လယ် ၁၃း၀၀ နာရီမှ ၁၈း၀၀ နာရီအချိန်ထိ တအာင်းတပ်မတော် တပ်ရင်း(၃၃၅)+KIA ပူးပေါင်းတပ်ဖွဲ့နှင့် မြန်မာ့တပ်မတော် တပ်မ (၉၉)တို့ နှစ်ဖက် အပြင်းအထန် ရင်ဆိုင်တိုက်ပွဲဖြစ်ပွားခဲ့သည်။ မြန်မာ့တပ်မတော် ဖက်မှ ထိခိုက်ကျဆုံးမှုရှိပြီး ထိခိုက်ကျဆုံးမှု အသေးစိတ်မသိရသေးပါ။ မြန်မာ့တပ်မတော်သည် တာမိုးညဲမြို့နယ်ခွဲမှ အဆိုပါတိုက်ပွဲဖြစ်ပွားရာ ဒေသသို့ စစ်ကူအင်အား ၁၅၀ကျော် ထပ်မံစေလွှတ်ထားပြီး တိုက်ပွဲပိုမို ပြင်းထန်လာနိုင်သည်။

## *** ပါင်လိုကအာ်မ်း ***

ကနာည်းလို တိူဝ်;ကိုင်းတအာင်း
လိုကဖောည်တံပ်နာန်းအဲ။
T.N.L.A နာင်းကတာ;ကွား
လိုကောန်းတဘိုက်အဲကဲ ကဖောည်ဒဲ;။

ဒီမဲ့;ကတာည်းကအုင်း
အီဆမားဇီင်းဖေါ်,တော,။
ဒီဂေါ်ည်းဇာ်င်းတအာင်း
မို;ကိုင်းလှဲင်းတအာင်း။

အီးကဖါ်,ကတာည်းတအာင်း
တအာင်းတော်န်းချေ့;လိုချဲ။
ဆာ်မာည်းကံပ်မို,ကော်န်းတအာင်း
လိုပေါ်န်ကော်န်းနာန်းတအာင်း။

တံပ်နာန်းဆာ်ဒါင်း အူဆငည်း
အဲနံ့င်ဘိူန်းကိုင်းတအာင်း။
တအီးအူဖိုဝ် ယံမ်းအူဇာတ်
ယံမ်းစာခြိူဝ်းအံ့န်းမြတ်။

ဆမဲင်းမာည်းနာင်းကျ
စ,အီဝ်ဒီ;လိုရေန်းစာခြိူဝ်း။
တူအီူအူဖိုဝ်ရှုဒဲ; အဲယံမ်းဂေါ်,ဖိင်း
ဒဲ;အဲယံမ်းဂေါ်,ထိင်းခြိူဝ်းတအာင်း။

ဆာတအာင်းဇော;ဖေမ်း
အဲနံ့င်ဂေါ်ည်းချဲမ်းအီး။
အီးတဲက်ကကတ်အဲ
အဲနံ့င်ပေါ်န်မှည်းအီးပါ်ဖိုဝ်။
အိုဝ်ဇီးဒါ်;ယာည်ဒေဲ;ကော်န်းတအာင်း
အဲကရောမ်းကရီး။
ဆာ်အဲကရီးကိုင်းအဲဇီးနံ့င်ရှိုး
တစီးနံ့င်အဲဘိူန်းကိုင်းလုံင်းနာ်......။

(ယာည်းမံန်)

## *** တောင်ပြာတန်းက တဆင့်***

မေ...ကောင်းကင်က ကြယ်ကလေးတွေ
လင်းတလှည့် မှိန်တစ်လှည့်နဲ့
တိမ်တွေဖုံးလွှမ်းသွားခဲ့ရင် ဒါမှမဟုတ်
လမင်းကြီးက အနားမှာဖြတ်သန်းသွားခဲ့ရင်
ကြယ်ကလေးတွေရဲ့ အလင်းရောင်ဟာ
ပျောက်ဆုံးသွားရစမြဲပါ...

ထို့အတူပဲပေါ့... ကိုယ်တို့ လူမျိုးတွေဟာ
ဘာဆိုဘာမှ မရေရာမသေချာတဲ့
အနာဂတ်ကို ရင်ဆိုင်နေရသလို
မျိုးသုန်းပျောက်ကွယ်သွားမှာ
ကိုလည်း စိုးရိမ်မိတယ်...မေ..

အလင်းတန်းအကြီးစားတွေလို
အလင်းပေးနိုင်တဲ့ လမင်းလို လူမျိုးခြားက
တောက်ပနေချိန်မှာ ကိုယ်တို့ တအာင်းလူမျိုး
တွေဟာ ဘဝရော
ပညာရေး၊ကျန်းမာရေး၊စီးပွားရေးမှာပါ
မှေးမှိန်နေရတဲ့ အဖြစ်မျိုးမို့ ...
အချစ်ရေးထက် အမျိုးသားရေးကို ဦးစားပေး
ခဲ့ရတဲ့ ကိုယ့်အဖြစ်ကို နားလည်ပေးပါ...မေ

မပြီးဆုံးနိုင်သေးတဲ့ ဒီလိုဒုက္ခတွေကို
မတောက်ပနိုင်သေးတဲ့ ကိုယ်တို့လူမျိုးတွေရဲ့
အနာဂတ်တွေကို မတောက်ပနိုင်သေးတဲ့
ကိုယ်တို့ ပညာရေးတွေကို
ပြောင်းလဲပစ်နိုင်ဖို့က
လက်နက်ကိုင်တော်လှန်မှ ရနိုင်တဲ့
နည်းလမ်းတစ်လမ်းပဲ ရှိတော့တာမို့
အရာရာကို စွန့် လက်တွန့်မနေပဲ
တောခိုခဲ့ရဲ့ မောင့်အဖြစ်ကို
နားလည်ပေးလှည့်ပါ မေ...

အချိန်တွေဘယ်လောက်ပဲ
ကြာညောင်းစေဦးတော့
အကိုစစ်သား မေ့ရဲ့ အချစ်တွေကို
မမေ့နိုင်သေးသလို
ရင်ဘက်ထဲက အသည်းနှလုံးကြားမှာ
သိမ်းထားတာကို
တောတောင်ကြားက ငှက်ခါးလေးနဲ့
မောင့်နှလုံးသားက အသိဆုံးပါမေ

နေပူမိုးရွာ ဆောင်းမှာချမ်းခိုက်ခိုက်တုန်နေ
ပေမယ့်လည်း
တာဝန်ဆိုတာထက် လူမျိုးရေးက
ရှိနေသေးတာမို့ မောင့်မှာ
ရွေးချယ်စရာမရှိသေးပါဘူး မေ

အရာခပ်သိမ်း ရင်ဝယ်မငြိမ်းလည်း
ရန်စွယ်များ ငြိမ်းတဲ့တစ်နေ့ အလင်းတန်းတွေ
ကိုယ်တို့မြေမှာ ဖုံးလွှမ်းတဲ့တစ်နေ့
မေ့ဆီ အပြေးနဲ့ ပြန်လာတဲ့အခါ
မောင့်ကို သပြေညိုလေးတွေနဲ့
စောင့်ကြိုနေပါလို့
တောင်ပြာတန်းကတဆင့် ... ပါးလိုက်ရင်း
အခုတော့ ... မောင့်ကို နားလည်ပေးပါမေ....

မိုင်းယှိုဝ်;ခြိူဝ်း

## တအာင်းတပ်မတော် TNLA နှင့် မြန်မာ့တပ်မတော်တို့ တိုက်ပွဲဖြစ်ပွား

၂၀၁၆ ခုနှစ် ဇူလိုင်လ ၁၀ ရက်

တအာင်းဒေသ၊ တပ်မဟာ(၅)နယ်မြေ၊ ကွတ်ခိုင်မြို့နယ်၊ မန်နောင်ကျေးရွာနှင့် မန်ညီုးကျေးရွာကြား ဇူလိုင်လ ၁၀ ရက်နေ့ မွန်းလွဲ ၁၃း၀၀ နာရီမှ ၁၃း၃၀ နာရီအချိန်ထိ တအာင်းအမျိုးသားလွတ်မြောက်ရေး တပ်မတော် (TNLA) တပ်ရင်း (၇၇၇/၃၃၅)တပ်ဖွဲ့ဝင် အချို့နှင့် မြန်မာ့တပ်မတော်တို့ နစ်ဖက်ရင်ဆိုင် တိုက်ပွဲ ဖြစ်ပွားခဲ့သည်။

တိုက်ပွဲတွင် တအာင်းတပ်မတော်ဖက်မှ ထိခိုက်ကျဆုံးမှုမရှိပဲ မြန်မာ့ တပ်မတော်ဖက်မှ ထိခိုက်ကျဆုံးမှုကိုလည်း မသိခဲ့ရပါ။ မြန်မာ့ တပ်မတော်မှ တအာင်းတပ်မတော် လှုပ်ရှားသည့်နေရာသို့ ထိုးစစ်ဆင် တိုက်ခိုက်လာရာမှ နစ်ဖက်ရင်ဆိုင်တိုက်ပွဲ ဖြစ်ပွားရခြင်းဖြစ်သည်။ မြန်မာ့တပ်မတော်သည် တအာင်းဒေသအတွင်းသို့ ယခုဇူလိုင်လ အတွင်း အင်းအားပိုမိုတိုးချဲ့ ထိုးစစ်ဆင် လာခဲ့သည်။

## မြန်မာ့တပ်မတော်နှင့် ကောင်းခါးပြည်သူ့စစ်တို့ပူးပေါင်းပြီး တအာင်းတပ်မတော်အားလာရောက်တိုက်ခိုက်

၂၀၁၆ ခုနှစ် ဇူလိုင်လ ၂၀ ရက်

တအာင်းဒေသ၊ တပ်မဟာ(၅)နယ်မြေ၊ ကွတ်ခိုင်မြို့နယ်၊ ကာလိုင်ကျေးရွာအနီးတွင် ဇူလိုင်လ ၁၉ ရက်နေ့ နေ့လည်၁၄း၃၀ နာရီမှ ၁၅း၃၀ နာရီအထိ တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော် (TNLA) တပ်ရင်း(၂၂၃)နှင့် မြန်မာ့တပ်မတော် တပ်မ(၁၀၁) တပ်ရင်း(၉၉/၈၈)၊ ကောင်းခါး ပြည်သူ့စစ်တို့ပူးပေါင်းပြီး နစ်ဖက်ရင်ဆိုင် တိုက်ပွဲဖြစ်ပွားခဲ့သည်။ တိုက်ပွဲတွင် နစ်ဖက်ထိခိုက်ကျဆုံးမှုမရှိပါ။

PSLF/TNLA သတင်းနှင့် ပြန်ကြားရေးဌာန၏ "စာစောင်"
အား လစဉ် အခမဲ့ထုတ်ဝေခြင်း
ဖြစ်ပါကြောင်းတအာင်းမိဘပြည်သူများအား အသိပေးအပ်ပါသည်။

# တအာင်းတပ်မတော်နှင့် မြန်မာ့တပ်မတော်တို့ တိုက်ပွဲ ဆက်လက်ဖြစ်ပွားခဲ့ပြီး မြန်မာ့တပ်မတော် ဖက်မှ (၂) ဦးထက်မနည်းကျဆုံး

၂၀၁၆ ခုနှစ် ဇူလိုင်လ ၂၁ ရက်

တအာင်းဒေသ၊ တပ်မဟာ (၂) နယ်မြေ၊ နမ့်ဆန်မြို့နယ်၊ နမ့်ခေးကျေးရွာနှင့် ဟိုချောင်းကျေးရွာကြားတွင် ညနေ ၁၄း၀၅ နာရီမှ ၁၄း၃၀ နာရီအချိန်ထိ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) တပ်ရင်း (၄၃၄)နှင့် မြန်မာ့တပ်မတော် စကခ-၁(ကျောက်မဲ)လက်အောက်ခံတပ်တို့ နစ်ဖက်ရင်ဆိုင်တိုက်ပွဲ ဖြစ်ပွားခဲ့သည်။

တိုက်ပွဲတွင် မြန်မာ့တပ်မတော် ဖက်မှ ၂ ဦးထက်မနည်းကျဆုံးသည်။ တိုက်ပွဲအပြီးတွင် မြန်မာ့တပ်မတော်မှ ညနေ ၁၆း၀၀ နာရီအထိ နမ့်ခေးကျေးရွာနှင့် ဟိုချောင်းကျေးရွာ ပတ်ဝန်းကျင်တွင် လက်နက်ကြီး/ငယ်များ အဆက်မပျက် ပစ်ခတ်ခဲ့သည်။ မြန်မာ့တပ်မတော်၏ ကျေးရွာအနီးဝန်းကျင်တွင် လက်နက်များဖြင့်ပစ်ခတ်မှုကြောင့် ကျေးရွာနေ ပြည်သူများ လုပ်ငန်းခွင်မှထွက်ပြေးတိမ်းရှောင်ခဲ့ရပြီး လူနေအိမ်၊စာသင်ကျောင်းနှင့် ဆိုင်ကယ်များ ထိခိုက်မှုရှိခဲ့ကြောင်း သိရသည်။ ထို့အပြင် စာသင်ကျောင်းရှိ ကျောင်းသူ/သားများလည်း နေအိမ်သို့ထွက်ပြေးခဲ့ရကြောင်းလည်း ဒေသခံတစ်ဦး၏ ပြောကြားချက်အရသိရသည်။

ဇူလိုင်လ ၂၀ ရက်နေ့တွင်လည်း မြန်မာ့တပ်မတော်မှ နမ့်ဆန်မြို့နယ်၊ ဟိုလတ်ကျေးရွာသို့ ရောက်ရှိစဉ် လူနေအိမ်အတွင်းဖောက်ထွင်းဝင်ရောက်ပြီး လက်ကိုင်ဖုန်း၊ အိမ်မွေးကြက် နှင့် အဝတ်အစားများခိုးယူခဲ့ပြီး ရွာသားများ ခေါ်ယူစစ်ဆေးကာ မြန်မာစကားပြန်မပြောတတ်သည့် ရွာသား ၃ ဦးအား ထိုးကြိတ်ရိုက်နက်ခဲ့သည်။





# တအာင်းတပ်မတော်နှင့် RCSS/SSA တပ်ဖွဲ့တို့ တိုက်ပွဲထပ်မံဖြစ်ပွားပြီးနောက် လက်နက်များ သိမ်းဆည်းရမိ




၂၀၁၆ ခုနှစ် ဇူလိုင်လ ၂၂ ရက်

တအာင်းဒေသ၊ တပ်မဟာ ၃ နယ်မြေ၊ မန်တုံမြို့နယ်၊ မန်အီကျေးရွာအောက်ဖက်တွင် ဇူလိုင်လ ၂၁ ရက်နေ့ ညနေ ၁၆း၀၀ နာရီမှ ၁၇း၀၀ နာရီအထိ တအာင်းအမျိုးသားလွတ်မြောက်ရေး တပ်မတော် TNLA နှင့် RCSS/SSA တပ်ဖွဲ့တို့ နှစ်ဖက်ရင်ဆိုင်တိုက်ပွဲ ဖြစ်ပွားခဲ့သည်။ တိုက်ပွဲအပြီးတွင် တအာင်းတပ်မတော်မှ နယ်မြေဆက်လက် လိုက်လံရှင်းလင်းရာ မန်မိုင်ကျေးရွာ၌ ခြံဝင်းအတွင်းတွင် M-21 လက်နက် တစ်လက်နှင့် ၎င်းကျည်အချို့ တွေ့ရှိသိမ်းဆည်း ရမိသည်။ RCSS/SSA တပ်ဖွဲ့သည် တအာင်းတပ်မတော်ရှိရာသို့ ထိုးစစ်ဆင်၍ တက်လာရာမှ နှစ်ဖက်ရင်ဆိုင် တိုက်ပွဲဖြစ်ပွားရခြင်း ဖြစ်သည်။

## TNLA နှင့် ဇူလိုင်လ ၄ ရက်နေ့တွင် စတင်ပြီး ဖြစ်ပွားခဲ့သော တိုက်ပွဲများ အကျဉ်းချုပ်

| စဉ် | TNLA Vs RCSS/SSA | မြို့နယ် | ကြိမ်ရေ | တိုက်ပွဲဖြစ်ပွားခဲ့သည့် နယ်မြေများ |
|---|---|---|---|---|
| ၁ | | ကျောက်မဲ | ၂ကြိမ် | တပ်မဟာ(၂)နယ်မြေ |
| ၂ | | သီပေါ | ၂ကြိမ် | တပ်မဟာ(၂)နယ်မြေ |
| ၃ | | နမ့်ဆန် | ၁ကြိမ် | တပ်မဟာ(၂)နယ်မြေ |
| ၄ | | မန်တုံ | ၉ကြိမ် | တပ်မဟာ(၃)နယ်မြေ |
| | စုစုပေါင်း | | ၁၄ကြိမ် | |

| စဉ် | TNLA နှင့် မြန်မာ့တပ်မတော် | မြို့နယ် | ကြိမ်ရေ | တိုက်ပွဲဖြစ်ပွားခဲ့သည့် နယ်မြေများ |
|---|---|---|---|---|
| ၁ | | ကွတ်ခိုင် | ၆ကြိမ် | တပ်မဟာ(၅)နယ်မြေ |
| ၂ | | နမ့်ဆန် | ၄ကြိမ် | တပ်မဟာ(၂)နယ်မြေ |
| ၃ | | မန်တုံ | ၂ကြိမ် | တပ်မဟာ(၃)နယ်မြေ |
| | စုစုပေါင်း | | ၁၂ကြိမ် | |

# RCSS/SSA တပ်ဖွဲ့၏ စစ်ရေးပြင်ဆင်ခြိမ်းခြောက်မှုကြောင့် ရွာသား ၂၀၀ ကျော် သီပေါသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရ

၂၀၁၆ ခုနှစ် ဇူလိုင်လ ၈ ရက်

တအာင်းဒေသ၊ ဇူလိုင်လ ၆ ရက်နေ့တွင် ဗိုလ်ကြီးဦးကောဝိမှ ဦးဆောင်သည့် RCSS/SSA တပ်ဖွဲ့ အုံမုကျေးရွာမှ အင်အား ၁၀၀ ကျော် သီပေါမြို့နယ်ရှိ၊ မန်လွယ်(နမ့်ယင်) ကျေးရွာသို့ ရောက်ရှိလာပြီး ဇူလိုင်လ ၇ ရက်နေ့တွင် ကျေးရွာသားအားလုံး မတက်မနေရ အစည်းအဝေး အတင်းခေါ်ခဲ့သည်။

"မင်းတို့ အားလုံး TNLA ကို ထမင်း၊ ဟင်း၊ ရိက္ခာမပို့ရ၊ တအာင်းစစ်သား မလုပ်ရ၊ လုပ်ငန်းခွင်ထဲ သွားသည့်အချိန် ထမင်းထုပ်အပို မပါရ၊ ဆန်သယ် မသွားရ၊ ညအိပ်မသွားရ စသည့်ကန့်သတ်ချက်အမျိုးမျိုး ချမှတ်ကာ စည်းကမ်းချက်အား ဖောက်ဖျက်ပါက အသေသတ်ပစ်မည်၊ တအာင်းစစ်သားကို သွားပြောပါ တအာင်းစစ်သားကို ဆုတ်ခိုင်းလိုက် သူတို့မဆုတ်ရင် ဒီရွာထဲမှာ ငါတို့တပ်မဟာနေမယ် ဒီမြောက်ပိုင်း တက်လာတဲ့ RCSS အဖွဲ့ အကြီးဆုံးက သူ့နာမည် စစ်ခေဝ်ဖ သူတို့ (TNLA ) လာရင် ငါတို့ရွာကနေ မဆုတ်ဘူး ရွာအတွင်းတိုက်ပွဲလုပ်မယ် ရွာနာချင်နာ သေလည်း တအာင်းလူဘဲသေမှာ" ဟု ပြောဆို ခြိမ်းခြောက်ခဲ့သဖြင့် ရွာသားများသည် ဇူလိုင်လ ၈ ရက်နေ့တွင် ရဟန်းသံဃာများ အပါအဝင်ကျေးရွာလူထု ၂၀၀ ကျော် သီပေါမြို့ ရတနာရွှေဂူဘုန်းတော်ကြီးကျောင်းသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရပါသည်။

ယင်းနောက် ကျေးရွာအတွင်း လူထုနှင့် လူနေအိမ်များကို အကာအကွယ်ယူကာ ကဒုတ်ကျင်းများတူးပြီး နေရာယူထားခဲ့ကြသည်။ ရွာသားများအားလုံးသည် တအာင်းပြည်သူများဖြစ်ကြပြီး စိုးရိမ်ကြောက်လန့်ကာ သီပေါမြို့သို့ ထွက်ပြေးခဲ့ကြရသည်။ မန်လွယ်ကျေးရွာသည် အိမ်ခြေ ၁၃၀ ကျော်ရှိပြီး လူဦးရေ ၃၀၀ ဝန်းကျင်နေထိုင်ကြောင်း တစ်ရွာလုံး တအာင်းလူထုများ ဖြစ်ကြကြောင်းသိရှိရသည်။

# တအာင်းတပ်မတော်နှင့် RCSS/SSA တို့တိုက်ပွဲအပြီး RCSS/SSA အဖွဲ့မှ လူနေအိမ်များအား မီးရှို့ဖျက်ဆီး

၂၀၁၆ ခုနှစ် ဇူလိုင်လ ၁၁ ရက်

တအာင်းဒေသ၊ တပ်မဟာ (၂) နယ်မြေ၊ သီပေါမြို့နယ်၊ မန်လွယ်(နမ့်ယင်) ကျေးရွာတွင် ယနေ့ နံနက် ဝ၉း၃၅ နာရီမှ ၁၆း၅၀ နာရီအချိန်ထိ တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော် (TNLA) တပ်ရင်း (၂၅၆)နှင့် RCSS/SSAတပ်ဖွဲ့တို့ နှစ်ဖက်ရင်ဆိုင်တိုက်ပွဲ အပြင်းအထန် ဖြစ်ပွားခဲ့သည်။

ညနေ ၁၆း၂၀ နာရီခန့်တွင် မန်လွယ်(နမ့်ယင်) ကျေးရွာ ဦးကွန်းမောင်ခင် (ခ) ဦးအညွန်းနှင့် ဦးအထိန် နေအိမ် (၂)လုံးအား RCSS/SSA တပ်ဖွဲ့မှ မီးရှို့ဖျက်ဆီးခဲ့ကာ ကျေးရွာအပြင်သို့ ထွက်ပြေး ဆုတ်ခွါသွားသည်။ လွန်ခဲ့သော ဇူလိုင်လ ၆ ရက်နေ့တွင် ဗိုလ်ကြီး ဦးကောဝိက ဦးဆောင်သည့် RCSS/SSA တပ်ဖွဲ့ အုံမုကျေးရွာမှ အင်အား ၁၀၀ ကျော်ဖြင့် မန်လွယ်(နမ့်ယင်) ကျေးရွာသို့ ရောက်ရှိလာပြီး ဇူလိုင်လ ၇ ရက်နေ့တွင် ကျေးရွာသားအားလုံး မတက်မနေရ အစည်းအဝေး အတင်းခေါ်ကာ TNLA ကို ထမင်း၊ ဟင်း၊ ရိက္ခာမပို့ရ၊ တအာင်းစစ်သား မလုပ်ရ၊ လုပ်ငန်းခွင်ထဲ သွားသည့်အချိန် ထမင်းထုတ်အပိုမပါရ၊ ဆန်သယ်မသွားရ၊ ညအိပ်မသွားရ စသည့်ကန့်သတ်ချက်အမျိုးမျိုး ချမှတ်ကာစည်းကမ်းချက်အား ဖောက်ဖျက်ပါက အသေသတ်ပစ်မည်၊ TNLA လာရောက်တိုက်ခိုက်ပါက ကျေးရွာကနေ မဆုတ်ဘူးဘဲ ရွာမီးလောင်ပြာကျသွားသည်အထိ ခုခံတိုက်ခိုက်မည်ဟု ပြောဆို ခြိမ်းခြောက်ခဲ့သဖြင့် ရဟန်းသံဃာများအပါအဝင် ရွာသားများ အယောက် ၃၀၀ ကျော် ဇူလိုင်လ ၈ ရက်နေ့တွင် သီပေါမြို့ ရတနာရွှေဂူဘုန်းတော်ကြီးကျောင်းသို့ ထွက်ပြေးတိမ်းရှောင် ခဲ့ရပါသည်။ အဆိုပါကျေးရွာသည် တအာင်းပြည်သူများနေထိုင်သည့် ကျေးရွာဖြစ်ပြီးအိမ်ခြေ ၁၃၀ ကျော်ရှိပြီး လူဦးရေ ၃၀၀ ကျော် နေထိုင်သည်။




# RCSS/SSAတပ်ဖွဲ့ တအာင်းပြည်သူ့အယောက် ( ၃၀ ) ကျော်အား ထပ်မံဖမ်းဆီး

၂၀၁၆ ခုနှစ် ဇူလိုင်လ ၂၆ ရက်

နမ္မတူမြို့နယ်၊ မန်စံကျေးရွာတွင် ယနေ့ ဇူလိုင်လ ၂၆ ရက်နေ့နံနက် ၀၉း၀၀ နာရီခန့်တွင် RCSS/SSA တပ်ဖွဲ့မှ တအာင်းပြည်သူ ၁၀၀ကျော် ဖမ်းဆီးကာ အမျိုးသမီးများနှင့်ကလေးများသာ ပြန်လွှတ်ပေးပြီး အရွယ်ရောက်ပြီးသည့်အမျိုးသား အယောက် (၃၀) ကျော်တို့အား ဖမ်းဆီး ချုပ်နှောင်ထားဆဲဖြစ်သည်။

ယနေ့ မန်စံကျေးရွာဈေးနေ့ဖြစ်၍ နမ့်ဆန်မြို့နယ်၊ ကျောက်မဲတိုက်နယ်ဖြစ်သည့် နမ့်လင်း၊ မန်လန်း၊ မန်ငိုင်း၊ ပန်တောင်း၊ မန်ဝဲ၊ ခေးခင် ကျေးရွာဖက်မှ မန်စံဈေးသို့ ဈေးဝယ်သွားရာ ဈေးကွဲချိန်အိမ်ပြန်စဉ် လမ်းခရီး၌ RCSS/SSA တပ်ဖွဲ့မှ အင်အားအယောက် ၂၀၀ ကျော်ဖြင့် တအာင်း လူမျိုးမှန်သမျှ ယောကျ်ား/မိန်းမ၊ လူကြီး/လူငယ်မရွေး ပိတ်ဆို့ဖမ်းဆီး စစ်ဆေးမှုပြုလုပ်ခဲ့သည်။ ဖမ်းဆီးစစ်ဆေးသူများထဲတွင် ၎င်းတို့စစ်ဆေးရာ တွင် မူးယစ်ဆေးဝါးဟု အကြောင်းပြသော်လည်း ကျန်လူမျိုးများလုံးဝ စစ်ဆေးမှုမပြုဘဲ တအာင်းလူမျိုးသာ ရွေးပြီးစစ်ဆေးခဲ့သည်။ အဆိုပါဖမ်းဆီး စစ်ဆေးမှု ပြုလုပ်သည့်နေရာသည် မန်စံကျေးရွာတွင် ခြေချသည့် မြန်မာ့တပ်မတော်နှင့် ၁ မိုင်ခရီးမျှသာကွာဝေးပြီး မန်စံရဲကင်းလည်းချထားသည်။





# နမ့်ဆန်မြို့နယ်အတွင်း မြန်မာ့တပ်မတော်မှ ဒေသခံပစ္စည်းများအား ခိုးယူ

ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်၊ ကယားလမ်းကျေးရွာအုပ်စု၊ ဟိုချောင်းကျေးရွာနှင့် ဇယန်ကြီးကျေးရွာအုပ်စု၊ နမ့်ခေး ကျေးရွာတွင် =မြန်မာ့တပ်မတော် (စကခ)လက်အောက်ခံတပ်မ(505)မှ အကြောင်းမဲ့လက်နက်ကြီး၊ လက်နက်ငယ်ဖြင့်နေအိမ်များပစ်ခတ်ခဲ့ပြီး ရွာသားများအား ရိုင်းစိုင်းစွာဆဲဆိုခြင်း၊ ဈေးဆိုင်ပစ္စည်းများ ဝင်ရောက်မွှေနှောက်ယူပြီး ဆေးခန်းပစ္စည်းအချို့ပါ ယူဆောင်သွားကြောင်းသိရပါသည်။ လက်နက်ထိမှန်သော အိမ်ရှင်များမှာ

1။ဦးခင်မောင်+ဒေါ်ခင်လေး
2။ဦးနေဝင်း+ဒေါ်သန်းကြည်
3။နမ့်ခေးကျေးရွာ(အမက)ကျောင်းအုပ်ဦးတင်မောင်၊ဦးသန်းအောင်
4။ကျောင်းဆရာမဒေါ်အီတိုးနေအိမ်နှင့်
6။သူနာပြုဆရာမဒေါ်အီဒီဆေးခန်းတို့ဖြစ်ပါသည်။ ထို့အပြင်

1။ဦးရွှေလေး+ဒေါ်ခင်လေး
2။ဦးရွှေလေး(ခ)ရပ်ကွက်(3)

3။ဦးရွှေလေး(2/က)ရပ်ကွက်နေတို့၏ လက်ကိုင်ဖုန်း(4)လုံးကိုလည်း အတင်းအဓမ္မ ယူသွားကြောင်းလည်း သိရပါသည်။ ဟိုချောင်းကျေးရွာ(2/ခ)ရပ်ကွက်နေ ဦးသန်းမောင်အားဆဲဆိုရိုက်နက်ပြီး လမ်းပြအဖြစ်ဖမ်းဆီးခေါ်ဆောင်သွားပြီး ည(7း30)နာရီအချိန်တွင် ပြန် လည်လွှတ်ပေးခဲ့ကြောင်း ဒေသခံများအား ဆက်သွယ်မေးမြန်းချက်အရ သိရပါသည်။



ဒေသခံများမှ ပေးပို့ လာသောသတင်း နှင့်မြန်မာ့တပ်မတော်မှ ဝင်ရောက် ခိုးယူသွားသော ပစ္စည်း စာရင်းများ နှင့် ကုန်ကျသော တန်ဖိုးငွေများ

# (စကခ-၁)မြန်မာ့တပ်မတော်မှ လက်နက်များဖြင့် လူ့အခွင့်အရေးများချိုးဖောက်နေကြောင်း ဒေသခံများထံမှ တဆင့်သိရ

ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ် ၂၀၁၆.၇.၂၁ရက်နေ့ ဒေသဖွံ့ဖြိုးရေးစီမံကိန်း အဖွဲ့ဝန်ထမ်းအဖွဲ့မှ အာရမ်းအုပ်စု၊ ဟိုနမ့်ကျေးရွာသို့ လုပ်ငန်းကိစ္စသွားရောက်ဆောင်ရွက်ပြီး အပြန်လမ်းနမ့်ခေးကျေးရွာ အထွက်သင်္ချိုင်းကုန်းအကွေ့ (၅း၄၅) နာရီအချိန်တွင်မြန်မာ့တပ်မတော် (စကခ-၁) ကျောက်မဲလက်အောက်ခံ တပ်မှသေနတ်ဖြင့် ၎င်းတို့အားလက်နက်ကြီး၊ ငယ်များဖြင့် ပစ်ခတ်ခဲ့ပါသည်။ ဆိုင်ကယ်(၄)စီး အနက်(၃)စီးမှာ ကျည်ထိမှန်ပျက်ဆီးဆုံးရှုံးပြီး ၎င်းတို့ရှိရာသို့လက်နက်ကြီး(RPG) ၄လုံးပစ်ခတ်ပါသေးသည်။

နမ့်ခေးကျေးရွာ၏စာသင်ကျောင်း၊ အဆောက်အဦးများကို လက်နက်ကြီးငယ်ဖြင့် ဆက်လက်ပစ်ခတ်ကြပါသည်။ "ရှမ်းဘောင်ဘီနဲ့ တစ်ယောက်က ပလောင်တွေ အကုန်သတ်ပစ်လိုက်လို့ အော်ပြောတယ်" အခင်းဖြစ်စဉ်တွင် ရှိနေသူတစ်ဦးက ကြားခဲ့သည်ကို ပြောပြပါသည်။ စီမံကိန်းဝန်ထမ်းတစ်ဦးမှာပုန်းခိုရာမှ ထွက်လာပြီ "ဆရာမပစ်ပါနဲ့ ကျွန်တော်တို့က စီမံကိန်းကပါ၊ အကျီကြည့်ပါ စီမံကိန်းတံဆိပ်ပါ ဆရာ" ဟုပြောရာမှ "သူတို့ဆရာ ကျော်မျိုးထိုက်က ကြည့်စရာမလိုဘူး၊ ငါတို့ကကြည့်ရအောင်မင်းတို့က ဘာကောင်မို့လို့လဲ၊ ဘယ်ကလာတာလဲ၊" "ဖွင့်ပွဲကလာတာပါဆရာ" "သွား မြန်မြန်ပြန်" လို့ပြောတော့ ငါတို့လဲပျက်နေတဲ့ ဆိုင်ကယ်(၃)စီးကို တွန်းပြီးပြန်တော့ နောက်ကနေသေနတ်နဲ့ ပြန်လိုက်ပစ်သေးတယ်" ဟု မျက်မြင်သက်သေ ဒေသခံတစ်ဦးမှ ပြောပါသည်။

"ခုချိန်တစ်ရွာနဲ့တစ်ရွာ အလှူလှည့်ကြတယ်လေ၊ လမ်းမှာဆိုလာပြားနဲ့လှူဖို့မုန့်တွေ သယ်လာတဲ့ယောကျာ်းလေးတစ်ယောက်ဆို သူ့ဆိုလာပြားကိုတစ်စစီဖြစ်အောင်ဖြုတ်ပြီး မီးရှို့ပစ်လိုက်တယ်၊ မုန့်တွေကိုလည်းယူစားလိုက်တယ်၊ အခုအဖွဲ့တွေက တအားဆိုးတယ်၊ မန်လုံးရွာ၊ ဟူမန်းရွာနဲ့ပိန်းလုံရွာတွေက အလှူလှည့်တဲ့မိန်းကလေးနဲ့ ယောကျာ်းလေးတွေကို ဘာလုပ်တယ်မှတ်လဲ၊ မိန်းကလေးတွေကို သေနတ်နဲ့ နဖူးကိုချိန်ထားတယ်၊ ယောကျာ်းလေးတွေကိုကျတော့ ဘောင်းဘီချွတ်ပြီး မိန်းကလေးနဲ့လူကြီးရှေ့တွေမှာ ရိုက်နက်တယ်၊ စီမံကိန်းကမိန်းကလေးတစ်ယောက်ကိုလည်း သူတို့ရဲ့သေနတ်နဲ့ချိန်သေးတယ်၊ ကောင်လေးတစ်ယောက်ရဲ့ ဖုန်းဆို သူတို့ထုခွဲပစ်လိုက်သေးတယ်" သူ၏အမြင်ကို ခုလိုဆက်လက်ပြောပါသည်။ မြန်မာ့တပ်မတော်မှ လူ့အခွင့်အရေးချိုးဖောက်ရုံမက တအာင်းတို့၏မိရိုးဖလာ ယုံကြည်ကိုးကွယ်ထားသောအလှူအတန်းဓလေ့ကိုပါ လိုက်၍ အနှောက်အယှက်ပေးနေပါသည်။





မြန်မာ့တပ်မတော်စကခ-၁ ကျောက်မဲလက်အောက်ခံတပ်မှ၏သေနတ်များဖြင့် ပစ်ခတ်ခြင်းခံလိုက်ရသော ဒေသဖွံ့ဖြိုးရေးစီမံကိန်းဝန်ထမ်းများ၏ဆိုင်ကယ်များ

## မြန်မာ့တပ်မတော်(စကခ–၁) ကျောက်မဲလက်အောက်ခံတပ်မှ လူနေအိမ်များအတွင်း ပစ္စည်းများဝင်ရောက်ခိုးယူ

၂၁ ဇူလိုင်လ ၂၀၁၆

နမ့်ဆန်မြို့နယ်၊ နမ့်ခေးကျေးရွာနှင့် ဟိုချောင်းကျေးရွာအနီးတဝိုက်တွင် လက်နက်ကြီးလက်နက်ငယ်များဖြင့် မြန်မာ့တပ်မတော်မှ အဆက်မပျက် ပစ်ခတ်ခဲ့ပါသည်။ လူ၊တိရစ္ဆာန်၊အဆောက်အဦးများ ထိခိုက်ပျက်ဆီးများမှုများအား မသိရသေးပါ။ မြန်မာ့တပ်မတော်၏ ကျေးရွာအနီးဝန်းကျင်နှင့် ကျေးရွာနေပြည်သူများ လုပ်ငန်းခွင်မှထွက်ပြေး သိမ်းရှောင်ရပြီး စာသင်ကျောင်းရှိကျောင်းသူ/ကျောင်းသားများလည်း နေအိမ်သို့ထွက်ပြေးခဲ့ရပါသည်။ ဇူလိုင်လ(၂၀)ရက်နေ့တွင်လည်း ၎င်းတပ်မတော်မှ နမ့်ဆန်မြို့နယ်၊ ဟိုလတ်ကျေးရွာသို့ရောက်ရှိစဉ် လူနေအိမ်အတွင်း ဖောက်ထွင်းဝင်ရောက် မွှေနှောက်ကာ ဦးမေးထွန်း၏ လက်ကိုင်ဖုန်း(၁)လုံး၊ ဆိုင်တွင်တင်ရောင်းသော ပစ္စည်းများအဝတ်အစားများ၊ အခြားအိမ်(၄)အိမ်၏ ကြက်စုစုပေါင်း(၁၀)ကောင်တို့ကို အတင်းမမေးလုယူသွားပြီး ဦးမေးထွန်းကို သူပုန်ဟုစွပ်စွဲကာ ဝိုင်းဝန်းရိုက်နက်ခဲ့သည်။ ထို့အပြင် ၎င်း၏အိမ်ကိုလည်းမီးရှို့မည်ဟု ချိန်းခြောက်သွားပါသည်။ အသက်(၄၀)အရွယ် ဦးကြီးတစ်ဦးမှာ သူ၏ကြက်(၄)ကောင်တန်ဖိုး (၄၀၀၀၀)ကျပ်ကို ပြန်ရသော်လည်း၏ အခြားကျန်သူများမှာ မတောင်းရဲသောကြောင့် ပြန်မရခဲ့ပါ။

## စကခ –၁ လက်အောက်ခံ မြန်မာ့တပ်မတော် တပ်မ (၅၀၅) မှနမ့်ဆန်မြို့နယ်အတွင်း လူ့အခွင့်အရေး များ ထပ်မံချိုးဖောက်ကျူးလွန်

၂၆ ရက် ဇူလိုင် လ ၂၀၁၆ ခုနှစ်

မြန်မာ့တပ်မတော် စကခ-၁ လက်အောက်ခံ တပ်မ ၅၀၅မှနမ့်ဆန်မြို့နယ်၊ အနောက်ကင်းအုပ်စု၊ ဟိုချောင်း (ဒိုဝ့်ကျောင်)ကျေးရွာ အတွင်း လက်နက်ကြီးပစ်ခတ်မှုကြောင့် ရွာသားဖြစ်သည့် ဦးမိုင်းကျော်စိန်၏ ဝမ်းဗိုက်အား ထိမှန်သောကြောင့် လားရှိုးဆေးရုံသို့ ပို့ဆောင်ထားကြောင်း ဒေသခံတစ်ဦး၏ ပြောကြားချက်အရ သိရပါသည်။ ထို့အပြင်

မြန်မာ့တပ်မတော်ဘက်မှ ကျူးလွန်ထားသော လူ့အခွင့်အရေးများမှာ

1.မိုင်းကျော်စိန် - အသက် (၃၀)နှစ် လက်နက်ကြီး ထိမှန်
2.အမည်စုံစမ်းဆဲ - အသက် (-) နှစ် ၏ နွားတစ်ကောင် သတ်စားခံရ
3.မိုင်းသင်းဖြိုး - အသက် (၁၄)နှစ် ညှင်းပန်းနှိပ်စက်ခံရ
4.မိုင်းစံမ်ဆဲင် - အသက်(၂၀)နှစ် မျက်နှာညိုမည်းသည့်အထိ ရိုက်ခံရ
5.ရက်ကွက်မှူး - အသက်(- )နှစ် ရိုက်နက်ခံရ
6.အဦး - အသက်(၂၀)နှစ် ရိုက်နက်ခံရ
7.အခ်ီန် (အိုက်ခင်)- အသက်(၂၅)နှစ် ရိုက်နက်ခံရ
8.ဆြာဆော်ည် (ဆရာဆွယ်) အသက်(၄၀)နှစ် ရိုက်နက်ခံရ
9.သန်ထွန်း - အသက်(- )နှစ် ငွေ ၅၀၀၀၀ အတင်းအဓမ္မယူခံရ
10.ကျော်ဝင်း - အသက်(- )နှစ် ငွေ ၂၀၀၀၀ အတင်းအဓမ္မယူခံရ
11.ကျော်အောင် - အသက်(- )နှစ် ဖုန်း တစ်လုံး အတင်းအဓမ္မယူခံရ
12.လှအောင် - အသက်(-)နှစ် ဆိုလာပြား အတင်းအဓမ္မယူခံရ
13.ကျော်ဇော - အသက်(-)နှစ် ဆိုလာပြားနှင့် အိမ်ထောင်စု ယူခံရ
14.တားအဆဲင်၏အိမ် အတွင်းဝင်ရောက်ကာ ၎င်းသမီး၏ ဓါတ်ပုံနှင့် နာမည်အချက်အလက်များနှင့် ၎င်းတို့၏ အိမ်မှ ဆန်များအားယူသွားကြောင်း ဒေသခံတစ်ဦး၏ပြောပြချက်အရ သိရပါသည်။ အခင်းဖြစ်စဉ် တားအဆဲင်မှာ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်း ရှောင်ခဲ့ရကြောင်းလည်း ပြောပြခဲ့ပါသည်။



# TV ကြည့်နေရင်းပျောက်ဆုံးသွားသူ မိုင်းအိုက်ဆိုင်ဝမ်း

၂၀၁၆ခုနှစ် ဇူလိုင်လ ၄ ရက်

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့နယ် စယ်ဟိုင်းကျေးရွာအုပ်စု ကုန်းဆာကျေးရွာတွင် နေထိုင်လျှက်ရှိသော မိုင်းအိုက်ဆိုင်ဝမ်း (၂၄)နှစ်သည် ဇူလိုင်လ ၁ ရက်နေ့ည ၈ နာရီခွဲအချိန်၌ နေအိမ်အတွင်း တစ်ဦးတည်း TV ကြည့်နေစဉ် ရုတ်တရက်ပျောက်ဆုံးသွားကြောင်း သတင်းရရှိပါသည်။

မိုင်းအိုက်ဆိုင်ဝမ်းသည် ကောင်းတပ်ကျေးရွာသားဖြစ်ပြီး ကုန်းဆာကျေးရွာတွင် အိမ်ထောင်ကျသားမက်တက်ကာ ပန်းဒကာအလုပ်လုပ်ကိုင်သည့် ဘာသာရေးလိုက်စားသော လူငယ်တစ်ဦးဖြစ်ကြောင်းသိရပြီး မိုင်းအိုက်ဆိုင်ဝမ်းသည် ကုန်းဆာကျေးရွာတွင် ပန်းဒကာအလုပ် လုပ်သည်မှာ ၄နှစ် တာကာလကြာလာခဲ့သော်လည်း တစ်စုံတစ်ဦးနှင့် ရန်ငြိုး၊ရန်စ မရှိခဲ့ဖူးကြောင်း ၎င်းနှင့်နီးစပ်သူ၏ ပြောပြချက်အရ သိရပါသည်။

ဇူလိုင်လ ၄ ရက်နေ့တွင် နမ့်ခမ်းရဲစခန်းမှ ၎င်း၏ဇနီးဖြစ်သူ နန်းအေးဆီ နှင့်ကုန်းဆာကျေးရွာမှတာဝန်ရှိသူများကို ခေါ်ယူစစ်ဆေးထားကြောင်းလည်း သိရပါသည်။ ကုန်းဆာကျေးရွာသည် ရှမ်းတိုင်းရင်းသားများ အများစုနေထိုင်သော ကျေးရွာဖြစ်ကြောင်း သိရပါသည်။


### စာစောင်ဖြစ်မြောက်ရေးကော်မတီဝင်များ

အကြံပေးအဖွဲ့ –အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးကြီးတားဘုန်းကျော် နှင့် ဒုဗိုလ်မှူးကြီးတားအိုမ်တမာင်း

| | |
|---|---|
| အယ်ဒီတာ | – ဗိုလ်မှူး တားအိုက်ကျော် |
| တွဲဖက်အယ်ဒီတာ | –ဗိုလ်မိုင်းမောင်ဖိုး |
| စာစောင်တာဝန်ခံ | – မို့ခ်ီးယ့ဳခ်ီး ခြို့ခ်ီး |
| ဒီဇိုင်း | – မို့ခ်ီးယ့ဳခ်ီး ခြို့ခ်ီး |
| စာစီစာရိုက် | –ရုံးအဖွဲ့ |
| ဌာနအဖွဲ့ဝင်များ | –ရုံးအဖွဲ့ |
| သတင်းအရင်းအမြစ် | –သတင်းနှင့်ပြန်ကြားရေးဌာန |

ဆက်သွယ်ရန်

Email - pslftnlanews@gmail.com
Web - pslftnla.org
Phone - + 95 09 4931 4951
+ 95 09 3094 7551
+ 86 153 888 20328

| | |
|---|---|
| ထုတ်ဝေသည့်လ | –ဇူလိုင်လ |
| အုပ်ရေ | – ၂၀၀၀ |

PSLF/TNLA၏ သတင်းနှင့်ပြန်ကြားရေးဌာနမှ ထုတ်ဝေသည့်စာစောင်အား အခမဲ့ ဖြန့်ဝေသည်။

# မီးလောင်မှုဖြစ်ပွားပြီးနောက်ပိုင်း နမ့်ဆန်မြို့အား ပြန်လည်တည်ဆောက်မှု အခြေအနေ

ရှမ်းပြည်နယ်မြောက်ပိုင်းရှိ နမ့်ဆန်မြို့သည် ၂၀၁၆ ခုနှစ် ၂လပိုင်း ၄ရက်နေ့ ၂း၃၀အချိန် တွင် မီးလောင်မှုစတင်ဖြစ်ပွားခဲ့ပြီး အိမ်ခြေစုစုပေါင်း ၂၀၉ အိမ် လောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။ မီးလောင်မှုဖြစ်ပွားပြီးနောက်ပိုင်း နိုင်ငံတော်အစိုးရ သမ္မတဦးသိန်းစိန်နှင့်အတူ ဌာနပေါင်းစုံနှင့်အလှူရှင်များစွာ လာရောက်လှူဒါန်းခဲ့ပါသည်။

လက်ရှိပြန်လည်ထူထောင်ရေးနှင့်ပတ်သက်ပြီး ဆက်သွယ်မေးမြန်းခဲ့ရာ ပြန်လည်တည်ဆောက်ရေး အခြေ အနေမှာ ၂၀ ရာခိုင်နှုန်းအထိပြီးစီးပြီး မိုးတွင်းကာလ ဖြစ်နေသောကြောင့် အဆောက်အဦးများ ပြန်လည်တည် ဆောက်မှုများ မလုပ်နိုင်သေးကြောင်းနမ့်ဆန်မြို့နယ် ဒေသခံတစ်ဦးအား ဆက်သွယ်မေးမြန်းချက်အရ သိရသည်။

" လက်ရှိကတော့ မိုးတွင်းကာလလည်း ဖြစ်နေတယ်ဆိုတော့ အဆောက်အဦးတွေ ဆောက်လုပ်လို့မရသေးဘူး။ အခြေအနေကိုပြောပြရမယ်ဆိုရင်တော့ တည်ဆောက်လို့ပြီးတဲ့အိမ်တွေရှိသလို မပြီးသေးတဲ့အိမ်တွေလည်း အများကြီးရှိနေသေးတယ်။ မပြီးသေးတဲ့ မိသာစုတွေ အိမ်တွေကတော့ ယာယီတဲလေးတွေ ထိုးပြီး နေကြတယ်လေ" ဟု ၎င်းမှ ပြောပြခဲ့သည်။

ကျန်းမာရေးကဏ္ဍတွင် သီပေါနှင့်ကျောက်မဲ ကြက်ခြေအနီအသင်းများမှ လာရောက် စစ်ဆေးပေးကြောင်း၊ မေတ္တာခရစ်တော် အသင်းမှ အုပ်ခဲအလုံးပေါင်း ၇၂၂၅၀၀ အားလှူဒါန်းပေးခဲ့ကြောင်း နှင့် သမ္မတဦးသိန်းစိန်မှ တစ်အိမ်လျှင် ကျပ်ငွေ ၅ သိန်း၊ ကဒ္ဒမှာဇမှ ၃ သိန်းနှင့် ဇရာဝတီဘဏ်မှ အလှူရှင်အသီးသီးတို့မှ လှူဒါန်းသည့်အပြင် သွပ်၊ဘိလပ်မြေ နှင့် သံထည်များအား လှူဒါန်းခဲ့သည့်အလှူများစွာ ရှိခဲ့ကြောင်းသိရပါသည်။

"လက်ရှိဖြစ်ပျက်နေတဲ့ ပြဿနာတွေကတော့ အိမ်တွေပြန်လည်မတည်ဆောက်ခင်မှာ လမ်းနဲ့အိမ်တွေကြားမှာ ၃ ပေဆီ ခွာထားခိုင်းတယ်ဒါပေမယ့် ခွာတဲ့အိမ်တွေရှိသလို မခွါတဲ့အိမ်တွေလည်းရှိနေတာကိုတွေ့ရပါတယ် နောက်တခုကတော့ အလှူရှင်တွေလှူပေးတဲ့ငွေနဲ့ ဦးမောင်ကျော်ဦးဆောင်ဆုံးဖြတ်ပြီး ရေမြောင်းတွေကို ဆောက်လုပ်လိုက်တယ် အမှန်ဒီကိစ္စတွေက နိုင်ငံတော် ဘဏ္ဍာနဲ့ လုပ်ရမယ့်ကိစ္စလို့ ကျနော်မြင်တယ်ဗျ.." ဟု မြို့ခံတစ်ဦးအား ဆက်သွယ်မေးမြန်းခြင်းမှ သိရပါသည်။

လက်ရှိ တကယ့်အခက်အခဲမှာ သဲ ရရှိရန်ခက်ခဲပြီး သဲ တစ်ကျင်းလျှင် ကျပ်ငွေ ၆၀၀၀၀ မှ ၁၂၀၀၀၀ ကျပ်၊ ကျောက်တစ်ကျင်းလျှင် ၈၀၀၀၀ ကျပ် မှ ၁၂၀၀၀၀ အထိရှိပြီး ဝယ်ယူရန်အတွက် အခက်အခဲဖြစ်နေကြပြီး အမျိုးသမီး အသုံးအဆောင်များနှင့် ကလေးအသုံးအဆောင်များဝယ်ယူရန်ခက်လဲလျှက်ရှိကြောင်း မြို့ခံတစ်ဦးမှ ဆက်လက်ပြောကြားချက်အရ သိရှိရပါသည်။

ပလောင်ပြည်နယ်၊ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဖြစ်သည့် နမ့်ဆန်မြို့သည် မီးလောင်မှုဖြစ်သွားပြီးနောက်ပိုင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်တွင်ဘဏ္ဍာရေးများ သိန်းရာနှင့်ချီပြီး လှူဒါန်းမှုများကောက်ခံရရှိခဲ့ပြီး အလှူခံကော်မတီများမှ ဘဏ်တွင်အပ်နှံထားပြီး လိုအပ်လျှင်ညီတူညီမျှ ပြန်လည်ခွဲဝေပေးကြောင်း သိရသည်။ အလှူရှင်များ များစွာရှိသော်လည်း ပြန်လည်တည်ဆောက်ရေးလုပ်ငန်းစဉ်တွင် မြို့ခံများမှ ကိုယ်ထူကိုယ်ထ စနစ်ဖြင့် လုပ်ဆောင်ကြောင်း နိုင်ငံတော်အစိုးရဌာနများမှ ငွေကြေးများဖြင့်သော်လည်းကောင်း လိုအပ်သည့် ပစ္စည်းများဖြင့်သော်လည်း လာရောက်ကူညီပေးထားသော်လည်း ပြန်လည်တည်ဆောက်ရေးများ နှောင့်နှေးနေသေးကြောင်း သိရသည်။



# PNF တော်လှန်ရေးနှင့် အစချီပြီး PSLF လက်နက်အပ်ရခြင်းသမိုင်းကြောင်းအားပြန်လည်တူးဆွ – ခြင်း (သို့) ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး၏သမိုင်းကြောင်းအားပြန်လည်ဖော်ထုတ်ခြင်း

## PSLF/TNLA ဒု – ဥက္ကဌ (၁) ဗိုလ်မှူးချုပ် တာဂျုတ်ဂျားနှင့် မေးမြန်းခန်း – အပိုင်း (၁)

မေး ။ ။မင်္ဂလာပါဒုဥက္ကဌကြီးရှင် ယခုအချိန်မှာ လူငယ်တွေရော တစ်ချို့လူကြီးတွေပါ ကျွန်တော်တို့ တအာင်းတော်လှန်ရေးသမိုင်းကြောင်း အကြောင်းကို သိပ်မသိကြတော့ဘူး ဖြစ်နေတယ် ဒါကြောင့် အများသိရှိနိုင်အောင် တား ဒုဥက္ကဌ မှ ရှင်းလင်းပေးနိုင်ရန် လာရောက်မေးမြန်းတာ ဖြစ်ပါတယ်ရှင့်။ အများပြည်သူတွေသိရှိစေဖို့အတွက် ဒုဥက္ကဌကြီးမှ ရှင်းပြပေးဖို့တောင်းဆိုပါတယ်ရှင့်။

ဖြေ ။ ။ ကျတော်တို့တအာင်းတော်လှန်ရေးသမိုင်းကို ဘယ်လိုစတင်ခဲ့တာကို ရှင်းပြရမယ်ဆိုရင် အင်္ဂလိပ်လက်အောက်ကျတဲ့ချိန် မြန်မာပြည်တွင်းတော်လှန်ရေး ကာလကနေစပြီးတော့ရှင်းပြရမယ် မြန်မာပြည်လွတ်လပ်ရေးရခါစ ၁၉၄၇ခုနှစ်ကနေစပြီးတော့ အင်္ဂလိပ်လက်အောက်ကနေလွတ်မြောက်ခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ရှမ်းပြည်စော်ဘွား ၊ တောင်ပိုင်ပြည်နည်၊ တောင်ပိုင်နယ် တအာင်းစော်ဘွား စစ်ခွန်ပန်းစိန် ၊အခြားတိုင်းရင်းသားကို ဦးဆောင်သော ပုဂ္ဂိုလ်တို့နှင့်ပူးပေါင်းပြီး အင်္ဂလိပ်ထံလွတ်လပ်ရေး တောင်းဆိုခဲ့တယ်။ အခြားတိုင်းရင်းသားများက ကိုယ်ပိုင်လွတ်လပ်ရေးယူမယ်လို့ ပြောကြတယ် ကိုယ်ပိုင်လွတ်လပ်ရေးကို အင်္ဂလိပ် တို့ကလဲ သဘောတူ ခဲ့ကြတယ် ရှေးတုန်းကဆိုရင် အင်္ဂလိပ်တို့က ပြည်မ(မြေပြန့်) ကို မြန်မာလို့ပဲ ခေါ်ကြတယ်။ မြေပြန့်ထဲမှာတော့ ဗမာ၊ မွန်၊ ရခိုင်၊ကရင် ပါဝင် တယ် အင်္ဂလိပ်တို့က ဤမြေပြန့်ထဲမှာ ပါတဲ့တိုင်းရင်းသား ကိုပဲလွတ်လပ်ရေးပေးဖို့ပဲရည်ရွယ်တယ် ကျွန်တော်တို့ တောင်တန်း (တောင်ပေါ်) ဒေသမှာနေတဲ့ ရှမ်း၊ ကချင်၊ ချင်း၊ တအာင်း၊ ကရင်နီ၊ ရှမ်းဒေသတွင်းတွင် နေထိုင်တဲ့ အခြားတိုင်းရင်းသား တွေကိုတော့ အင်္ဂလိပ်တွေက လွတ်လပ်ရေး မပေးသေးဘဲထားမယ် အဲ့ဒါကြောင့် ဗိုလ်ချုပ်အောင်ဆန်းက ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကရင်နီပြည်နယ်သို့ သွားရောက်စည်းရုံးကာ ကျွန်တော်တို့ အတူတူလွတ်လပ်ရေး ယူကြရအောင် ဆိုပြီးပြောခဲ့တယ် ဒါကြောင့် ကျတော်တို့နဲ့အခြားတိုင်းရင်းသားတို့ သဘောတူညီမှုရယူပြီး ပင်လုံစာချုပ်ကိုချုပ်ဆိုကာ အတူတကွ




လွတ်လပ်ရေးယူခဲ့တယ် ဗိုလ်ချုပ်အောင်ဆန်း ကတိပေးခဲ့သလို ယခုချိန်ထိ ပင်လုံစာချုပ်ကတိကဝတ်လို့ ခေါ်ဆိုကြတာပေါ့ ပင်လုံစာချုပ် ချုပ်ဆိုပြီးနောက် ၁၀ နှစ်ကျော်လာရင် မိမိတို့ စိတ်တိုင်းမကျပါက ခင်ဗျားတို့ တောင်ပေါ် ဒေသက ချင်း ၊ကရင်နီ၊ ရှမ်း၊ ကယား၊ ကချင် စတဲ့ တောင်ပေါ်ဒေသက တိုင်းရင်းသားတွေဟာ ခွဲထွက်လို့ရတယ်ဆိုပြီး သဘောတူ လွတ်လပ်ရေးရယူခဲ့တယ် လွတ်လပ်ရေး တောင်မရသေးဘဲ ၁၉၄၇ခုနှစ် ဇူလိုင်လ ၁၉နေ့မှာဗိုလ်ချုပ်အောင်ဆန်းတကွအာဇာနည်၉ဦးအပါအဝင် မသမာသူ အဖွဲ့တစ်ဖွဲ့က လုပ်ကြံခဲ့တယ်..ပြီးတော့ဦးနုဦးဆောင်တဲ့ဖဆပလအဖွဲ့က မြန်မာနိုင်ငံ လွတ်လပ်ရေးကိုရယူခဲ့တယ် သို့သော်လည်းဘဲ တိုင်းရင်းသားအချင်းချင်းစည်းလုံးမှုမရှိတော့ ကွန်မြူနစ်ကလဲသူတို့ပြောချင်တာပြောတယ် ဖဆပလအဖွဲ့ကလဲနှစ်ဖွဲ့ကွဲသွားခဲ့တယ် ပြီးတော့ဗိုလ်ချုပ်အောင်ဆန်းနှင့် ကျတော်တို့ခေါင်းဆောင်ကြီးတွေ ရည်ရွယ်ထားခဲ့တာတွေ လက်မှတ်ထိုးတာတွေ မျှော်မှန်းထားတဲ့ အတိုင်းဖြစ်မလာတော့ ရှမ်းပြည်အတွင်းရှိ ခေါင်းဆောင်ကြီးများက ပြန်လည်ဆွေးနွေးတယ် ပင်လုံစာချုပ်ကတိကဝတ်အတိုင်း မြန်မာက တိုင်းရင်းသားတွေကို ပြည်နယ်ပြန်လည်ပေးအပ်ပါ တချို့ခေါင်းဆောင်တွေကျတော့ မြန်မာတွေနဲ့ ပူးပေါင်းချင်ကြတယ် တစ်ချို့ကလဲ ခွဲထွက်ချင်ကြတယ် ရှမ်းပြည်နယ်ခေါင်းဆောင်တွေလဲ နှစ်ဖက်ကွဲသလိုဖြစ်သွားတယ် ၁၉၆၁ ခုနှစ် တောင်ကြီးမြို့တွင်ညီလာခံ ကျင်းပပြီး မြန်မာတွေထံ ပင်လုံကတိကဝတ်ကို အပြည့် အဝပေးရန်တောင်းဆိုခဲ့တယ် ပြီးတော့ ရန်ကုန်မြို့မှာလည်း ကျင်းပရန်သွားရောက်ခဲ့တယ် ...

အဲဒီချိန် မြန်မာပြည်တွင်သာမက ရှမ်းပြည်နယ်မှာလည်း ရှုပ်ထွေးနေချိန် မြန်မာပြည်ကို တော်လှန်မည့် လက်နက်ကိုင်တွေလဲရှိလာတယ် ပထမပေါ် ပေါက်တာကတော့ ကွန်မြူနစ်နှင့်ကရင်(KNU)တို့တွင် ပူးပေါင်းပြီးအရင်ဦးဆုံး စတင်တောခိုခဲ့ပြီး နောက်ပိုင်းတွင် မြန်မာ့တပ်မတော် ကချင် တနက ၁၂၃၄ အဖွဲ့ တပ်ရင်း(၃) ခု လောက်ကလဲ စတင်ပြီးတောခိုလာခဲ့ကြတယ်။ ဖဆပလကိုပြန်လည်တိုက် ခိုက်ခဲ့တယ်။ တအာင်းလက်နက်ကိုင် အဖွဲ့ အစည်းကျတော့ နမ့်ဆန်ကနေ စတင်တည်ထောင်သူမှာ ပေါ်လိန်း ခွန်အေးနှင့် ညီတော်ခွန်လီက ဦးဆောင်ခဲ့ပြီး ကျတော်တို့အထက်ပိုင်းက တအာင်းကိုဦးဆောင်ခဲ့သူမှာ စဝ်ခွမ်သောင်းနှင့် ညီတော်စဝ်သန်းဝင်း ဖြစ်တယ်။ တပ်ရင်း ၆ ကို ဦးဆောင်ပြီး ပေါ်လိပ်ခွန်အေးကျတော့ တပ်ရင်း ၅ ကို ဦးဆောင်ကာ ရှမ်းပြည်အတွင်း လက်နက်ကိုင် တပ်များနှင့် ပူးပေါင်းခဲ့တယ်။

အစောပိုင်း ပူးပေါင်းခဲ့ချိန်တွင် ကျတော်တို့ တအာင်းသာမက ပအိုဝ်း "ဝ" ပြီးတော့ တော်လှန်ရေး လက်နက်ကိုင်အဖွဲ့တွေ များလည်း များလာတယ် ရှမ်းပြည်တွင်းမှာ တော်လှန်ရေးလုပ်ခဲ့သော်လည်း ရှမ်းပြည်မှာ နိုင်ငံရေးအမြင်နည်းတယ် တော်လှန်းရေး စစ်ပရိယာယ် နည်းနည်း ခေတ်နောက်ကျနေတာပေါ့ ပြီးတော့ပညာတတ်တဲ့သူကလဲနည်းတယ်။ အဲ့ဒါကြောင့် တော်လှန်ရေးကို တကယ်ဦးဆောင်နိုင်တဲ့သူ ရှိပုံ့မလားစိုးရိမ်နေခဲ့ကြတယ်။ ပညာကလဲမစုံတော့ ရှမ်းပြည်တွင်းရှိ တော်လှန်ရေးသမားတွေ တစ်ဖွဲ့နှင့် တစ်ဖွဲ့မတည့်ကြတော့ အချင်းချင်းပြန်တိုက်ကြ၊ ခိုက်ကြတယ် အဲဒီအတွက်ကြောင့် တားခွန်သောင်းနှင့် ပေါ်လိန်းခွန်အေး ပါဝင်သော တော်လှန်ရေးအဖွဲ့က ခွဲထွက်တယ် ရှမ်းပြည်တပ်မတော် SSA ဖွဲ့စည်းပြီး နာယကမဟာဒေဝီ နန်းဟိန်ခမ်း၊ ဉက္ကဌစိုင်းလှအောင် နဲ့ပူးပေါင်းခဲ့တယ် သူတို့နဲ့ ၁၉၆၀ မှ ၁၉၆၂ ခုနှစ်ထိ လက်တွဲခဲ့တယ်။ ကျတော်တို့ တအာင်းတော်လှန်ရေးသမား အင်အားများလာတော့ ရှမ်းအဖွဲ့အစည်းခေါင်းဆောင် အချို့က မလိုလားတာကြောင့် ကျတော်တို့ တအာင်းအဖွဲ့နဲ့ ရှမ်းအဖွဲ့များကြား မသင့်မြတ်မှုဖြစ်ခဲ့တယ်။ ရှမ်းများက တချို့နယ်မြေတွေမှာ ကျတော်တို့တအာင်းတွေ ပေးမနေချင်တော့ အချင်းချင်းနိုပ်စက်ကြ အချင်းချင်းတိုက်ခိုက်မှု ဖြစ်ပွားခဲ့တယ်။ ဒါကြောင့်မို့ ၁၉၆၃ ခုနှစ် ဇန်နဝါရီလ ၁၂ နေ့တွင် ရှမ်းပြည်အဖွဲ့မှ ခွဲထွက်ခဲ့သည်။ စဝ်ခွန်အေးနှင့် စဝ်ခွန်သောင်း ပူပေါင်းပြီး PNF တအာင်းတပ်မတော်ကို မန်တုံမြို့နယ် "ကလိုင်းအေဲမ်း" ခေါ် အိုမ်တဘား ဒေသတွင်စတင်ဖွဲ့စည်း တည်ထောင်ခဲ့သည်။







# လက်နက်စွန့်ငြိမ်းချမ်းရေး

## မြန်မာ့စစ်ခေါင်းများရဲ့ လက်နက်စွန့်ရေးမူဝါဒ

မြန်မာအစိုးရနဲ့ မြန်မာ့တပ်မတော်စစ်ခေါင်းဆောင် အဆက်ဆက်ရဲ့ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းတွေအပေါ်မှာ ပြဿနာဖြေရှင်းဖို့ အဓိကအခြေခံထားကြတာကတော့ လက်နက်စွန့်ရေး၊ လက်နက်ချရေးပါပဲ။ ဥပဒေဘောင်ထဲဝင်တယ်၊ လက်နက်နဲ့ ငြိမ်းချမ်းရေး လဲလှယ်တယ်၊ လက်နက်ကိုင်လမ်းစဉ်စွန့်တယ် အစရှိသဖြင့် အပေါ်စီးကနေရရင်ရသလို တိုင်းရင်းသားအဖွဲ့အစည်းအသီးသီးကို ကိုင်တွယ်ဖို့ လုပ်ဆောင်ခဲ့ကြတယ်။ လုပ်ဆောင် နေကြတယ်။ လုပ်ဆောင်ဖို့ ကြိုးပမ်းနေကြပါတယ်။

ပါလီမန်ဒီမိုကရေစီ ဦးနု လက်ထက်မှာ ဒီမိုကရေစီနဲ့ လက်နက်လဲလှယ်သွားခဲ့ကြတဲ့ တိုင်းရင်းသားအဖွဲ့ အစည်း တွေရှိခဲ့တယ်။ ဦးနေဝင်း လက်ထက်မှာလည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့ ဥပဒေဘောင်ထဲဝင်ခဲ့ကြတယ်။ စစ်အာဏာရှင် ဗိုလ်စောမောင်နဲ့ ဗိုလ်သန်းရွှေ လက်ထက်မှာတော့ အပစ်အခတ်ရပ်စဲရေးကနေတဆင့် တချို့အဖွဲ့တွေ လက်နက်နဲ့ငြိမ်းရေးလဲလှယ်ခဲ့ကြရတယ်။ နောက်ပိုင်းမှာ အချို့အဖွဲ့တွေ လက်နက်ဖြုတ်သိမ်း ခံခဲ့ကြရတယ်။



မြန်မာ့အင်ပါယာထူထောင်ရေး တစိုက်မတ်မတ်လုပ်နေတဲ့ မြန်မာခေါင်းဆောင်အများစုကတော့ တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းတိုင်းကို အမြစ်ပြတ်ချေမှုန်းရေးလုပ်ဖို့ ဦးတည်ချက် ရှင်းရှင်းလင်းလင်းထားကြပါတယ်။ အဲဒီလို အမြစ်ပြတ်ချေမှုန်းရေး လုပ်ဖို့အတွက် မြန်မာ့တပ်မတော်ရဲ့ စစ်အင်အားအလုံးအရင်းစတေးခံပြီး ထိုးစစ်အမျိုးမျိုးလုပ်ခဲ့ပါတယ်။ ဥပဒေအရလည်း အမျိုးမျိုးဖိနှိပ်ကန့်သတ်ပါတယ်။ မြန်မာ စစ်ခေါင်းဆောင်တွေဟာ တိုင်းရင်းသားတွေအချင်းချင်းအကြား စည်းလုံးညီညွတ်မှု ပျက်ပြားဝေဝါးစေမယ့် သပ်လျှိုဖြိုခွဲရေးနည်းလမ်းပေါင်းစုံလုပ် ပါတယ်။ အဖွဲ့အစည်းအစိပ်စိပ်အမွှာမွှာကွဲအောင် မြှောက်ထိုးပင့်ကော်ပြီး ပုံစံတူအဖွဲ့အစည်းမျိုးမျိုး ဖွဲ့ပေးတယ်။ ပြည်သူ့စစ်အဖွဲ့ ဖွဲ့ခိုင်းပြီး လက်ကိုင် တုတ်လုပ်တယ်။ စီးပွားရေးအရဖျက်ဆီးဖို့ ပြည်သူ့စစ်အဖွဲ့၊ ကာကွယ်ရေးအဖွဲ့ အမျိုးမျိုးဖွဲ့ပြီး တနပ်စာလုပ်ပိုင်ခွင့် အခွင့်အရေးအမျိုးမျိုးပေးခဲ့တယ်။ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ အစည်း အတော်များများ အပစ်အခတ်ရပ်စဲပြီးနောက်ပိုင်း မြန်မာစစ်ခေါင်းဆောင်တွေရဲ့ လက်နက်စွန့်ရေး မာယာကျော့ကွင်းမှာ ပုံစံအမျိုးမျိုးနဲ့မှားဝင်ပြီး အင်အားချိနဲ့ခဲ့ကြတယ်။ ပျက်စီးခဲ့ ကြပါတယ်။ ဒါကြောင့် မြန်မာစစ်ခေါင်းဆောင် တွေဟာ ဒီနည်းလမ်းကိုအရမ်းသဘောတွေ့ပြီး တိုင်းပြည်တခုမှာ တပ်မတော် တခုပဲရှိရမယ်ကြွေးကြော်ပြီး ဘာနိုင်ငံရေးဖြေရှင်းမှုမှမလုပ်ပဲ တိုင်းရင်းသားအဖွဲ့တွေကို နည်းအမျိုးမျိုးနဲ့ လက်နက်စွန့်ဖို့ပဲ ဖိအားပေးခဲ့ကြတာပါ။

## ၂၁ ရာစုပင်လုံညီလာခံကို စိန်ခေါ်မယ့် နည်းလမ်းတသွယ်

အခု ၂၀၁၆ ခုနှစ် မြန်မာအစိုးရသစ်ဖြစ်လာတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် -NLD ဦးဆောင်အစိုးရဟာ ပြည်သူလူထုရဲ့ ထောက်ခံမှုအားကို ရယူပြီး နိုင်ငံရေးပြဿနာကို အတတ်နိုင်ဆုံးအမြန်ဖြေရှင်းဖို့ ၂၁ ရာစုပင်လုံညီလာခံ/ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကျင်းပဖို့ ကြိုးပမ်းနေပါ တယ်။ ရှည်ကြာစွာတောက်လောင်နေတဲ့ ပြည်တွင်းစစ်မီးကို ငြိမ်းသတ်ဖို့နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲလုပ်ပြီး နိုင်ငံရေးနည်းလမ်းနဲ့အကောင်းဆုံး

ငြိမ်းငြိမ်းချမ်းချမ်းဖြေရှင်းကြရမှာမဟုတ်ပါလား။ မြန်မာပြည်တွင်းမှာရှိတဲ့ State Holders အဓိကသက်ဆိုင်သူအဖွဲ့ အစည်းအားလုံးတွေဆုံဆွေးနွေးပြီး နိုင်ငံရေးဘုံသဘောတူညီချက် ရရှိအောင်လုပ်ဆောင်ရပါမယ်။ အဲဒီနိုင်ငံရေးဘုံသဘောတူညီချက် Nation Accord/ Union Accord တွေအရ ပြည်ထောင်စုနိုင်ငံကို စုဖွဲ့ထူထောင်ဖို့လိုပါမယ်။ နိုင်ငံတော်လုံခြုံရေးအခန်းကဏ္ဍကို ချမှတ်ကြရပါမယ်။ ရာစုနှစ်နီးပါးကြာ လက်နက်ကိုင်တိုက်ခိုက်ခဲ့တာတွေကို သင်ပုန်းချေပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးတွေ လုပ်ကြရပါမယ်။ ဒါမှသာ တိုင်းရင်းသားမိဘပြည်သူအားလုံး အေးချမ်းပျော်မွေ့စေမယ့် ပြည်ထောင်စုဒီမိုကရေစီနိုင်ငံတော် တကယ် တည်ဆောက်နိုင်ကြမယ်။

သို့သော် ဒီလိုမဖြစ်ချင် မမြင်ချင်တဲ့ အုပ်စုကတော့ မိုးကျရွှေကိုယ် မြန်မာ့တပ်မတော် စစ်ခေါင်းဆောင်များ အုပ်စုဖြစ်ပါတယ်။ ဒီလိုဖြစ်လာရင် စစ်အုပ်စု ဆွေမျိုးချင်းကောင်းစားရေး စီမံချက်တွေအတော်များများ ပျက်စီးမယ်။ တိုင်းပြည်အဆီအနှစ်သယံဇာတတွေ စိတ်တိုင်းကျ အလွဲသုံးစားသုံးဖြုန်းခဲ့တာတွေ လက်လွှတ်အဆုံးရှုံးမခံချင်ကြဘူး။ ဒီတော့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုဖြစ်စဉ်ကို ရပ်တန့်အောင်၊ ကြန့်ကြာအောင် နည်းလမ်းအမျိုးမျိုးနဲ့ ဟန့်တားနှောင့်ယှက်မယ်။ ဒုက္ခအမျိုးမျိုးပေးမယ်။ ဖျက်လိုဖျက်ဆီးလုပ်မယ်။ မြန်မာစစ်ခေါင်းဆောင်ရဲ့ ယုတ်မာတဲ့ဇီဇလုပ်ရပ်ပါပဲ။ ၂၁ ရာစု ပင်လုံညီလာခံမှာ ပါသင့်ပါထိုက်တဲ့အဖွဲ့အစည်းအားလုံးပါဝင်ရမယ်လို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရားဝင်ပြောထားပါတယ်။ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးပြဿနာကို ဖြေရှင်းဖို့ဆိုတာ တကယ့် State Holders အဓိကသက်ဆိုင်သူ အဖွဲ့အစည်းအားလုံး ပါဝင်ဖြေရှင်းမှ နီးစပ်တဲ့အဖြေရမှာပါ။ ဒါကိုသိတဲ့ မြန်မာ့တပ်မတော်က သူတို့လိုရာကိုကောင်းကောင်းအသုံးချပါတယ်။ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပါချင်ရင်လက်နက်စွန့်ရမယ်။ လက်နက်စွန့်ဖို့ကြိုတင် ကတိကဝတ်ပေးရမယ်စသဖြင့် အမျိုးမျိုးပြောပြီး အချို့တိုင်းရင်းသားအဖွဲ့အစည်းတွေကို ဒီနိုင်ငံရေးတွေ့ဆုံပွဲမှာ မပါဝင်နိုင်ဖို့လုပ်ပါတယ်။ ဖိအားပေးပါတယ်။

အဲဒီတိုင်းရင်းသားတွေက လက်မခံရင် ၂၁ ရာစုပင်လုံညီလာခံဟာ အနှစ်သာရအရ လျော့ကျသွားမယ်။ နိုင်ငံရေး ပြဿနာကို အပြီးသတ်မဖြေရှင်းနိုင်တော့ဘူး။ တိုက်ပွဲတွေဆက်ဖြစ်မယ်။ တိုက်ရှိတော့ ပွဲမြန်မာ့တပ်မတော်ရဲ့အခန်းကဏ္ဍက ဦးဆောင်မှုနေရာအမြဲရှိနေမယ်။ ဒါဟာ တပ်ချုပ်ကြီး မင်းအောင်လှိုင်ရဲ့ ၂၁ ရာစုပင်လုံညီလာခံကို စိန်ခေါ်နေတဲ့အနိမ့်ဆုံးနည်းလမ်းတခုပါပဲ။ ဒီထက်ပိုရှုပ်ထွေးစေပြီး ၂၁ ရာစုပင်လုံညီလာခံမဖြစ်လာစေဖို့ကတော့ ပိုပြင်းတဲ့ပြည်တွင်းစစ်တိုက်ပွဲတွေ ဖော်ဆောင်မယ်။ လူမျိုးရေး၊ ဘာသာရေး အဓိကရုဏ်းတွေဖန်တီးမယ်။ ပြီးတော့ မြန်မာ့တပ်မတော်က အကြမ်းဖက်နှိမ်နင်းမယ်။ နောက်ဆုံးအဆင့်ကတော့ မြန်မာ့တပ်မတော်က နိုင်ငံ့အာဏာကို သိမ်းယူလိုက်မယ်။

## လက်နက်စွန့်ရေး မူဝါဒလက်နက်စွန့်ရေးစွန့်ရေးနဲ့ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ



Ba U Gyi, father of the Karen resistance

အမျိုးသားရေးရပ်တည်ချက်အရ လက်နက်ကိုင်တော်လှန်ရေး လုပ်နေကြရတဲ့ တိုင်းရင်းသားအဖွဲ့အစည်းတွေဟာ ဘယ်လိုမှ လက်နက်စွန့်ရေးကို လက်ခံနိုင်မှာမဟုတ်ပါဘူး။ နိုင်ငံရေးပြဿနာ ဖြေရှင်းနိုင်ခြင်းမရှိဘဲဒီကိစ္စကို လက်ခံဆွေးနွေးဖို့ မစဉ်းစားနိုင်ပါ။

ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် KNU/KNLA ဆိုရင် ကရင်ခေါင်းဆောင် စောဘဦးကြီး မှ ရှိပါတယ်။ "ကရင့်လက်နက် ကရင်လက်ထဲမှာပဲရှိရမည်" "လက်နက်ချစကား အလျဉ်းမပြောရ" ဖြစ်ပါတယ်။ အလားတူပါပဲ အခြားတိုင်းရင်းသားတော်လှန်ရေး လက်နက်ကိုင်အဖွဲ့အစည်းတွေမှာလည်း လက်နက်ကိုင်လမ်းစဉ်အပေါ် တိကျရှင်းလင်းတဲ့ မူဝါဒရပ်တည်ချက်တွေရှိပါတယ်။ မြန်မာအစိုးရ အဆက်ဆက်ရဲ့ လက်ထက်မှာ အပစ်ရပ်စဲရေး၊ နိုင်ငံရေးပြုပြင်ပြောင်းလဲရေး ခေါင်းစဉ်အောက်ကနေ လက်နက်ဖြုတ်သိမ်းမှု၊ အသွင်ပြောင်းမှု ပုံသဏ္ဍာန် အမျိုးမျိုးခံခဲ့ရပြီး လက်နက်မဲ့၊ အဖွဲ့အစည်းပျက်တာ အဖတ်တင်ပြီး ဘာ နိုင်ငံရေး တိုးတက်ပြောင်းလဲမှုမှ မရခဲ့တဲ့အတိတ် သင်ခန်းစာတွေ များပြားလှပါတယ်။ ဒါကြောင့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေး အင်အားစုရဲ့ လက်နက်ကိုင်လမ်းစဉ်ဟာ ပိုမိုခိုင်မာလာပြီး၊ လက်နက်စွန့်ရမယ့်ကိစ္စကို လက်မခံနိုင်တာ တွေ့မြင်ကြရပါတယ်။ နိုင်ငံရေး ပြဿနာကို နိုင်ငံရေးတည်းလမ်းနဲ့ ဖြေရှင်းခွင့်မရကြလို့သာ လက်နက်ကိုင် တော်လှန်ရေး လုပ်နေကြရတာ မဟုတ်ပါလား။

## လက်နက်စွန့်ရေးအပေါ် တအာင်းတပ်တော်အမြင်သဘောထား

လက်နက်စွန့်၊ လက်နက်အပ်၊ လက်နက်ချ၊ ငြိမ်းချမ်းရေးနဲ့ လက်နက်လဲလှယ်၊ ဥပဒေဘောင်တွင်းဝင်ရောက်ခြင်း ဒီဝေါဟာရ စကားလုံးနဲ့ မြန်မာစစ်အုပ်စုရဲ့ လုပ်ထုံးလုပ်နည်း ကိုင်တွယ်ပုံကို ကျနော်တို့တအာင်း (ပလောင်) အဖွဲ့ကောင်းကောင်းသိမြင်ခံစားပြီး ဖြစ်ပါတယ်။ လူမျိုးရဲ့သိက္ခာ၊ တော်လှန်ရေးထဲပါဝင်သူတွေရဲ့ဘဝ၊ တော်လှန်ရေးကာလ အမျိုးမျိုးပေးဆပ်ခဲ့ကြရတဲ့ ဒေသခံပြည်သူတွေရဲ့ဘဝ ဒါတွေအားလုံးကို ချောင်းထဲ၊မြောင်းထဲ စွန့်ပစ်လိုက်သလိုမျိုး ရင်းပြီးခံလာခဲ့ကြရပါတယ်။

၂၀၀၅မှာ ကျနော်တို့ တအာင်းအမျိုးသား PSLAရဲ့ လက်နက်တွေတကယ်စွန့်ခဲ့ရတယ်။ မြန်မာ့တပ်မတော်ဆီ ရှိသမျှလက်နက်တွေ အပ်ပေးခဲ့ရတယ်။ ငြိမ်းချမ်းရေး၊ ဒေသဖွံ့ဖြိုးရေး ကတိကဝတ်တွေနဲ့ လဲလှယ်ခဲ့ရတယ်။ မြန်မာစစ်ခေါင်းဆောင်တွေရဲ့ ကတိကဝတ်ကိုမယုံကြည်ပေမယ့် ရွေးစရာလမ်းမရှိ လက်ခံခဲ့ရတယ်။ တော်လှန်ရေးခေါင်းဆောင်ကော တအာင်းပြည်သူပါ မျက်ရည်အတိ ဘဝအားကိုးရာမဲ့ဖြစ်ခဲ့ရတယ်။

တကယ့်လက်တွေ့ဘဝမှာလည်း လက်နက်အပ်လိုက်ပြီးတဲ့နောက်ပိုင်း တအာင်းပြည်သူတွေရဲ့ဘဝဟာ လုံခြုံမှုနတ္ထိဖြစ်လာခဲ့တယ်။ ဒေသတွင်း တာဝန်ကျ မြန်မာစစ်ခေါင်းဆောင်တွေနဲ့ပေါင်းပြီး စီးပွားရေးအမျိုးမျိုးလုပ်စားတဲ့ ပြည်သူ့စစ်အဖွဲ့ ပေါင်းစုံပေါ်လာတယ်။ အိမ်ရှင်မတိုင်းရဲ့ မီးဖိုချောင်အထိ ဝင်ရောက်ဒုက္ခပေးလာတဲ့အထိ မူးယစ်ဆေးဝါးပြဿနာ ကြီးထွားလာပါတယ်။ တအာင်းပြည်သူကို လုံခြုံမှုတိုက်ရိုက်ပေးနိုင်မဲ့ လက်နက်ကိုင်တပ်ဖွဲ့ မရှိတဲ့နောက်ပိုင်း  အခြားလက်နက်ကိုင် အဖွဲ့တွေဒေသတွင်းဝင်ရောက်လာပြီး လူသစ်စုဆောင်းတာ၊ ရိက္ခာစုဆောင်းတာ တဆထက် တဆ တိုးများလာတယ်။

တအာင်းမိဘပြည်သူတွေဟာ တကယ့်ကို ခိုကိုးရာမဲ့ဘဝဖြစ်ခဲ့ရပါတယ်။ ဒါကြောင့် PSLA မျိုးဆက်သစ်ခေါင်းဆောင်တွေက တအာင်းမိဘပြည်သူတွေရဲ့ အားကိုးရာ၊ဘဝလုံခြုံရာ ဖြစ်ဖို့အတွက် တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် PSLF/TNLA ကို လူထုအားနဲ့ အပြင်းအထန် စုစည်းတည်ထောင် လှုပ်ရှားလာကြရတာဖြစ်ပါတယ်။ တအာင်းပြည်သူလူထုအတွက် တအာင်းလက်နက်ကိုင်တပ်မတော်တရပ် မရှိမဖြစ်လိုအပ်ပါတယ်။ လက်နက်စွန့်ခြင်းရဲ့ ခါးသီးတဲ့ဘဝသင်ခန်းစာတွေအပေါ် ကောင်းကောင်းကြီးနားလည်ပြီး ပြုပြင်စုဖွဲ့မှုတွေလုပ်ပါတယ်။ TNLA တအာင်းတပ်မတော်ရဲ့ သစ္စာအဓိဋ္ဌာန်-၄းချက်မှာ "ငါတို့သည် ဘယ်တော့အခါမှ လက်နက်ချ အညံ့ခံမည် မဟုတ်" "အူယာမ်မာ် အံဝ်းခါမ်ချ လာက်နာက်" ဆိုတာပါပြီး တပ်ဖွဲ့ဝင်တိုင်း နေ့စဉ်ကတိသစ္စာပြုကြရပါတယ်။

ဒီတော့ မြန်မာ့တပ်မတော်ဖိအားပေးနေတဲ့ လက်နက်စွန့်ဖို့၊ လက်နက်ကိုင်လမ်းစဉ်ချုပ်ငြိမ်းဖို့၊ လက်နက်ထိန်းချုပ်ရေး ဆိုတဲ့အရာတွေ အခု တအာင်းတပ်မတော် TNLA ရဲ့ မူပေါ်လစီက လုံးဝလက်မခံပါဘူး။ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် TNLA ဘယ်အချိန်အခါမှ လက်နက်ချမှာ မဟုတ်ဘူး။ သို့သော် တအာင်းလူမျိုးတို့ရဲ့ နိုင်ငံရေးရည်မှန်းချက်ပန်းတိုင် ရရှိတဲ့တနေ့မှာဆိုရင်တော့ တအာင်းပြည်သူလူထုတရပ်လုံးကို လုံခြုံမှုပေးနိုင်မဲ့ ပြည်နယ်စောင့်တပ်၊ ပြည်နယ်လုံခြုံရေး၊ လူမျိုးစောင့်တပ် အစရှိတဲ့အသွင်ပြောင်းမှုမျိုး ဆွေးနွေးဆောင်ရွက်တာကတော့ ခေတ်ကာလ အခြေအနေပေါ် ဖြစ်လာနိုင်ပါတယ်။

## လက်နက်တကယ်စွန့်ရင်ငြိမ်းချမ်းရေးတကယ်ရသွားမှာလား

လက်နက်တကယ်စွန့်ကြရင် ငြိမ်းချမ်းရေးတကယ်ရသွားမှာလား ဆိုတာကတော့ ရိုးရိုးလေးဖြေလိုက်ရင်တော့ တကယ်ငြိမ်းချမ်းရေး ရသွားနိုင်မှာပါ။မငြိမ်းချမ်းတာ တိုက်ပွဲတွေဖြစ်နေတာ ဒီလက်နက်တွေရှိနေလို့ပါပဲ မဟုတ်လား။ သို့သော် တကယ်လက်နက်စွန့်ပြီး တကယ်ငြိမ်းချမ်းဖို့ဆိုရင်တော့ မြန်မာ့တပ်မတော်အပါအဝင် လက်နက်ကိုင်အဖွဲ့တွေအားလုံး စွန့်ဖို့လိုပါလိမ့်မယ်။ အဲသလို စွန့်ဖို့အတွက် ကတိကဝတ်တွေ နိုင်ငံရေးသဘောတူညီချက်တွေ လိုအပ်ပါလိမ့်မယ်။ တချို့အဖွဲ့ကိုပဲ လက်နက်စွန့်ခိုင်းလို့ မငြိမ်းချမ်းနိုင်ပါဘူး။ မြန်မာ့တပ်မတော် တောက်လျှောက်ပြောနေတဲ့ လက်နက်ဖျက်သိမ်းရေး၊ လျော့ချရေး DDR ပဲဖြစ်ဖြစ်၊ တော်လှန်ရေးအဖွဲ့တွေတင်ပြနေတဲ့ လုံခြုံရေးဆိုင်ရာပြုပြင်ပြောင်းလဲရေး SSR ပဲဖြစ်ဖြစ် တဖက်တည်းကိုပဲလုပ်မယ် ဆိုရင်တော့ ဘယ်လိုမှ မငြိမ်းချမ်းနိုင်ပါဘူး။

၂၀၀၅ခုနှစ်မှာ လက်နက်အပ်ခဲ့ရတဲ့ တအာင်းတပ်မတော် PSLA ဟာ ဒီကနေ့ TNLA တပ်မတော်ပြန်ဖြစ်လာတော့ နဂိုအင်အားထက် ၁၀ ဆကျော်ကြီးထွားလာပါတယ်။ ကျန်တဲ့တိုင်းရင်းသားလူမျိုးတွေလည်း ဒီလိုပဲဖြစ်လာမှာပါပဲ။ ဒါကြောင့် မြန်မာပြည် တကယ်ငြိမ်းချမ်းဖို့ဆိုတာ လက်နက်စွန့်ရေးမှာမမူတည်ပါဘူး။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးတွေ့ဆုံဆွေးနွေးတဲ့နည်းလမ်းနဲ့ တန်းတူရည်တူဆွေးနွေးပြီး အားလုံးလက်ခံနိုင်မယ့် နိုင်ငံရေး ဘုံသဘောတူညီချက်ရရှိအောင်လုပ်နိုင်မှသာ မြန်မာပြည်တကယ်ငြိမ်းချမ်းမှာဖြစ်ပါတယ်။

မိုင်းဂေါင်းမောင်း (၂၀၁၆-၀၇-၂၃)



# တအာင်းပလောင်တပ်ကို လက်နက်ချဖို့ စစ်တပ်ဖိအားပေး

၂၇ ရက် ၇ လ ၂၀၁၆

KIO ထိန်းချုပ်ရာ မိုင်ဂျာယန်မြို့မှာ ပြုလုပ်နေတဲ့ တိုင်းရင်းသားလက်နက်ကိုင်များ ညီလာခံကို မတတ်ရောက်နိုင်တဲ့ အဖွဲ့အစည်းအချို့ ထဲမှာ TNLA ခေါ် တအာင်း(ပလောင်)တပ်လည်း ပါဝင်ပါတယ်။ TNLA ဟာ မြန်မာအစိုးရတပ်တွေနဲ့ ဒီကနေ့အထိ ပစ်ခတ်မှုတွေ ရှိနေသလို၊ နယ်မြေတွင်းမှာရှိ ရှမ်းပြည်တောင်ပိုင်းတပ်နဲ့လည်း ထိပ်တိုက်တွေ့မှုတွေ ရှိနေတဲ့အဖွဲ့အစည်းပါ။ သူတို့အနေနဲ့ ငြိမ်းချမ်းရေးကို လိုလားပေမယ့်၊ မြန်မာစစ်တပ်ဖက်က လုံးဝ လက်နက်ချဖို့ ဖိအားပေးနေတဲ့အခြေအနေကြောင့်ရော RCSS ခေါ် ရှမ်းတောင်ပိုင်းတပ်တွေနဲ့ စစ်ရေးထိပ်တိုက်ဖြစ်နေတဲ့ အခြေအနေကြောင့်ပါ မိုင်ဂျာရမ်ညီလာခံကို မတတ်ရောက်နိုင်ခဲ့တာလို့ TNLA ပြောခွင့်ရသူ တာပန်လက ဗွီအိုအေကို ပြောပါတယ်။ TNLA တာဝန်ရှိသူ တာပန်လကို ဗွီအိုအေက ကိုသားညွှန့်ဦး ဆက်သွယ်မေးမြန်းထားတာပါ။

"အခုကတော့ ကျနော်တို့ဆီမှာ အကြောင်းအရင်း ၂ ချက်ရှိပါတယ်။ တချက်ကတော့ မိုင်ဂျာယန်မှာသွားကြတဲ့ ကျနော်တို့ မဟာမိတ်အဖွဲ့အစည်းတွေက တော်တော်များများ အနည်းနဲ့အများကတော့ မြန်မာအစိုးရနဲ့ တွေ့ဆုံညှိနှိုင်းမှု တစုံတရာရှိထားပြီးသား အဖွဲ့တွေဖြစ်တယ်။ ကျနော်တို့ကျတော့ အခုအချိန်အထိ မြန်မာတပ်မတော်ကော မြန်မာအစိုးရကော ကျနော်တို့ကို လက်နက်ချမှ ငြိမ်းချမ်းရေးဖြစ်စဉ်ထဲကို ပါဝင်ခွင့်ရမယ် ဆိုတဲ့ပုံစံမျိုး ပြောဆိုထားတာရှိတယ်။ ဆိုတော့ အဲဒီလိုမျိုးအနေအထား မတူတဲ့အောက်မှာ ကျနော်တို့ဘက်က သွားလိုက်မယ်ဆိုရင် အခြားမဟာမိတ်တွေအတွက် အစည်းအဝေးတွေမှာ ကြန့်ကြာမှုတွေ အစည်းအဝေးတွေမှာ ဖြစ်မှာကို ကျနော်တို့ဘက်က စိုးရိမ်တယ်ပေါ့လေ။



နောက်တခုက အခုမိုင်ဂျာယန်မှာလုပ်တဲ့ပွဲက အထူးသဖြင့် ဦးဆောင်တာက အိမ်ရှင် KIO နဲ့ RCSS အဖွဲ့အစည်းဖြစ်တယ်။ RCSS အဖွဲ့အစည်းနဲ့က ကျနော်တို့ တိုက်ပွဲအရမ်းပြင်းထန်တဲ့ကာလဖြစ်တယ်။ ကျနော်တို့ဘက်က တွေ့ဆုံညှိနှိုင်းဖို့တောင်းဆိုထားပေမယ့်လည်း သူတို့ဘက်က တရက်ပြီးတရက်ရွှေ့နေတယ် အခုအချိန်အထိ မတွေ့ဆုံရသေးဘူး။ ဆိုတော့ ဒီပွဲကို ကျနော်တို့သွားလိုက်မယ်ဆိုရင် ဆွေးနွေးမှုတွေဖြစ်သွားပြီးတော့လေ ကျန်တဲ့ညီလာခံ ဦးတည်ချက်တွေမရောက်သွားပဲနဲ့ ပိုမိုပြီးကြန့်ကြာသွားမှာကို ကျနော်တို့ဘက်က စိုးရိမ်မှုရှိတယ်ပေါ့။ အဲဒါကြောင့်မို့လို့ မသွားဖို့ ကျနော်တို့ဘက်က ဆုံးဖြတ်ချက်ချလိုက်တာပေါ့။

မေး။ ။ဟုတ်ကဲ့ခင်ဗျ။ ခုနက တာပန်လ ပြောသွားတဲ့အထဲမှာ ၂ ချက်တွေ့ပါတယ်။ ပထမတချက်ကတော့ လက်ရှိဆွေးနွေးနေတဲ့ တိုင်းရင်းသားအဖွဲ့အစည်းတွေနဲ့ အခြေအနေမတူတဲ့ အနေအထားပေါ့။ ဒုတိယအချက်ကတော့ RCSS နဲ့ ဖြစ်တဲ့ပြဿနာပေါ့။ ကျနော် ပထမအချက်ကို အခုက ဖောင်းပေးပြီးတော့ မေးချင်ပါတယ်ခင်ဗျ။ အဲဒီတော့ တာပန်လတို့က မိုင်ဂျာယန်ညီလာခံ မတက်ဘူးဆိုတဲ့အခါကျတော့ လက်ရှိအစိုးရသစ်က လုပ်နေတဲ့ ၂၁ ရာစုပင်လုံ ညီလာခံနဲ့ပတ်သက်လို့ရော ဘယ်လိုသဘောထားရှိသလဲ။ တက်ဖို့ကော စဉ်းစားတာရှိလား။

ဖြေ။ ။အစိုးရသစ်နဲ့ ကျနော်တို့ ပူးပေါင်းဆောင်ရွက်မှုလုပ်လိုပါတယ်။ ပူးပေါင်းဆောင်ရွက်ဖို့လည်း အဆင်သင့်ရှိပါတယ်။ ဒါပေမယ့် အခုအချိန်အထိတော့ ကျနော်တို့နဲ့ တွေ့ဆုံညှိနှိုင်းဖို့တော့ မဖြစ်သေးဘူးပေါ့လေ ။ တွေ့ဆုံညှိနှိုင်းမှုတွေ ရှိသွားပြီဆိုရင်တော့ ကျနော်တို့ အဲဒီသဘောထားတွေ ပြောဆိုလို့ရမှာဖြစ်ပါတယ်။

မေး။ ။လက်တလောမှာတော့ အစိုးရကနေ ငြိမ်းချမ်းရေး ကော်မတီတရပ်ဖွဲ့ထားတာရှိပါတယ်။ ငြိမ်းချမ်းရေး ကော်မတီကရော TNLA ကို ဆက်သွယ်တာ၊မေးမြန်းတာ ၊ တီးခေါက်တာမျိုးကောမရှိဘူးလား။

ဖြေ။ ။ သူတို့တွေအနေနဲ့ အကြံပြုဆင်ရေးကော်မတီ ဆပ်ကော်မတီ ၂ ကနေပြီးတော့ ဝ နဲ့ မိုင်းလားတွေကို သွားတွေ့တဲ့အချိန်မျိုးမှာ ကျနော်တို့ဘက်က ဝနဲ့ မိုင်းလားတွေရဲ့ စီစဉ်ပေးမှုကြောင့် ကျနော်တို့ဘက်က အလွတ်သဘော ၊ အလွတ်သဘောဆိုပေမယ့် မိတ်ဆက်တဲ့သဘော အနေအထားတော့ ကျနော်တို့ မိနစ် ၃၀ နီးပါးလောက် တွေ့ဆုံဖြစ်ပါတယ်။ ဒါပေမယ့် တရားဝင်ဆွေးနွေးပွဲတော့ အခုအချိန်အထိ မဖြစ်သေးဘူး ပေါ့လေ။ တရားဝင်ဆွေးနွေးပွဲဖြစ်ဖို့အတွက်က တပ်မတော်ဘက်ကနေပြီးတော့ အနည်းဆုံး လက်နက်စွန့်ရမယ်ဆိုတဲ့ ကတိကဝတ်ကို ထုတ်ပြန်ကြေညာချက်ပေးရမယ်။ အဲဒီလိုမျိုးလက်နက်စွန့်ရမယ်လို့ ကတိကဝတ်ပေးမှသာလျှင် သူတို့ဘက်က တရားဝင်ဆွေးနွေးမှုပြုလုပ်နိုင်မယ်လို့ အဲဒီလိုမျိုးကျနော်တို့ကို ဖိအားပေးထားတာမျိုးတွေရှိပါတယ်။

မေး။ ။ တပ်မတော်ဘက်ကနေပြီးတော့ TNLA ကို လက်နက်ချမှ စကားပြောနိုင်မယ်ဆိုတာက တရားဝင်ပြောတာလား၊ ဘယ်ကတဆင့် ပြောတာလဲ။

ဖြေ။ ။ ခုနက ဒီမိတ်ဆက်ပွဲမှာ တရားဝင်ပြောတာမျိုးရှိသလို သူတို့ကိုယ်စားလှယ်တွေဘက်ကနေတဆင့် အထူးသဖြင့် တပ်မတော်ကိုယ်စားလှယ်တွေ ဖြစ်ကြတဲ့ ဦးခင်ဇော်ဦးတို့ ၊ ဦးတင့်ဇော်တို့ကနေတဆင့်လည်း ပြောဆိုလာတာမျိုးတွေရှိပါတယ်။

မေး။ ။ ဒီ ၂၁ပင်လုံညီလာခံ တက်၊မတက်ဆိုတာ မသေချာသေးတဲ့အခြေအနေမှာ တဘက်မှာလည်း မိုင်ဂျာယန် တိုင်းရင်းသားညီလာခံကို လည်း TNLA က မတက်ဘူးဆိုတော့ လက်ရှိသွားနေတဲ့လုပ်ငန်းစဉ်မှာ ကိုယ်က သီးသန့်လိုမဖြစ်နေဘူးလား။ တစုံတရာအခွင့်အရေး ကိုယ့်ဘက်က လွတ်သွားတယ်လို့ရော မတွက်မိဘူးလား။

ဖြေ။ ။ ကျနော်တို့ဘက်က ပူးပေါင်းပါဝင်ဖို့အထိ အထူးသဖြင့် ဒီအစိုးရသစ်နဲ့ ပူးပေါင်းပါဝင်ပြီးတော့ ဒီနိုင်ငံကို ပြန်လည်တည်ဆောက်ပြီးတော့ ဒီပြည်တွင်းစစ် ချုပ်ငြိမ်းသွားဖို့ ကျနော်တို့ဘက်က ဆန္ဒရှိပါတယ်။ ဒါပေမယ့် ယခုအချိန်အထိ အစိုးရကနေပြီးတော့ လာရောက်ပြီးတော့ တွေ့ဆုံညှိနှိုင်းတာလည်း မရှိသေးတဲ့အတွက် ကျနော်တို့တပ်ဖွဲ့နဲ့ အခြေအနေမတူတဲ့ အချိန်မျိုးမှာ ကျနော်တို့အပေါ်မှာရှိနေတဲ့ အခက်အခဲက ကျန်တဲ့ လူတွေ၊ ကျန်တဲ့မဟာမိတ်အဖွဲ့အစည်းတွေအပေါ် သက်ရောက်သွားတာမျိုးကို ကျနော်တို့ဘက်က မလိုလားပါဘူး။ ကျနော်တို့လဲ အဲဒီအပိုင်းမှာ စိုးရိမ်မှုရှိပါတယ်။”

TNLA တာဝန်ရှိသူ တာပန်လကို ဗွီအိုအေက ကိုသားညွှန့်ဦး ဆက်သွယ်မေးမြန်း ထားသည်ကို ပြန်လည်ဖော်ပြခြင်း ဖြစ်ပါသည်။

---

# ကျနော်တို့ကြောင့် အခြားလက်နက်ကိုင် အဖွဲ့အစည်းတွေ တခုခုဖြစ်မှာစိုးရိမ်တယ်

ကချင်ပြည်နယ် မိုင်ဂျာယန်မြို့မှာ ဒီနေ့မနက်ပိုင်းက စတင်ကျင်းပနေပြီဖြစ်တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ မျက်နှာစုံညီအစည်းအဝေးကို တပ်မတော်က လက်နက်စွန့်မှ ငြိမ်းချမ်းရေးမှာ ပါဝင်ရခွင့်ရ မယ်လို့ပြောထားတဲ့ မြောက်ပိုင်းမဟာမိတ် ၃ ဖွဲ့အနက် ၂ဖွဲ့မှာ တက်ရောက်ခြင်းမရှိပါ။ ကချင်ပြည်နယ် လိုင်ဇာမြို့အခြေစိုက် ရက္ခိုင့်တပ်မတော် (AA)ပဲ တက်ရောက်ပါတယ်။ မြန်မာအမျိုးသား ဒီမိုကရေစီ မဟာမိတ် တပ်မတော်-ကိုးကန့် အဖွဲ့ (MNDAA) နဲ့ ပလောင်(တအာန်း) အမျိုးသား လွတ်မြောက်ရေး တပ်မတော် (TNLA) တို့မှာ တက်ရောက်ခဲ့ခြင်း မရှိပါ။ ဇူလိုင် ၂၆ ရက်ကနေ ၂၉ ရက်အထိ ကျင်းပမယ့် မိုင်ဂျာယန် တိုင်းရင်းသားလက်ကိုင်တွေရဲ့ အစည်းအဝေးမှာ အစိုးရနဲ့တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေကြား ပြုလုပ်မယ့် ၂၁ ရာစု ပင်လုံညီလာခံအတွက် တိုင်းရင်းသားတွေ ဘက်ကပြင်ဆင်တဲ့ ဆွေးနွေးပွဲဖြစ်ပါတယ်။ ဒါပေမယ့် မြောက်ပိုင်းမဟာမိတ် ၃ ဖွဲ့ကိစ္စနဲ့ ပတ်သက်ပြီး ဆွေးနွေးဖို့ ညီလာခံမှာ ပါဝင်ခြင်းမရှိကြောင်း သိရပါတယ်။

အဲဒီ ကိစ္စနဲ့ပတ်သက်ပြီး TNLA အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးကြီး တာဘုန်းကျော်ကို ဧရာဝတီသတင်းထောက် နန်းလွင်နှင်းပွင့်က ဆက်သွယ်မေးမြန်း ထားပါတယ်။

မေး။ ။ TNLA က မိုင်ဂျာယန် အစည်းအဝေးကို တက်မယ်လို့ အစက ပြောထားပေမယ့် အခု သွားမတက်ရောက်ဖြစ် တာ ဘာ့ကြောင့်ပါလဲ။

ဖြေ။ ။ ဟုတ်တယ် ကျနော်တို့ မတက်ဖြစ်ပါဘူး။ အဓိကက မြန်မာ့တပ်မတော်က ကျနော်တို့ကို လက်နက်စွန့်တယ် ဆိုတဲ့ Statement ထုတ်မှ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပါလို့ရမယ်လို့ပြောဆို ညှိနှိုင်းနေတယ်။ အဲ့ဒါက ကျနော်တို့ဆီမှာ မပြေလည်တော့ တကယ်လို့ ညီလာခံသွားတက်လိုက်မယ်ဆိုရင် ကျနော်တို့ကြောင့် တခြားလက်နက်ကိုင် အဖွဲ့အစည်းတွေတခုခုဖြစ်မှာ စိုးရိမ်တယ်။ ကျနော်တို့နဲ့ မြန်မာ့တပ်မတော်ကြားမှာ ရှိတဲ့ ကိစ္စတွေကို ကျနော်တို့ဘာသာ ထိပ်တိုက်ရှင်းသွားဖို့ လိုပါတယ်။ အဲ့ဒါကတချက်ပါ။ နောက် RCSS (ရှမ်းပြည် တပ်မတော် တောင်ပိုင်း)နဲ့ ကျနော်တို့ တိုက်ပွဲတွေ ပြင်းထန်နေဆဲဖြစ်တယ်။ RCSS နဲ့ တိုက်ပွဲတွေပြင်းထန်နေဆဲ ဆိုတော့ ကျနော်တို့ တွေ့ဆုံဆွေးနွေးမယ် ပြောပေမယ့် RCSS က တစ်ရက်ပြီး တစ်ရက် ရွှေ့နေတယ်။ အဲ့ဒီလို ကိစ္စတွေကြောင့် ကျနော်တို့ကြား အစည်းအဝေးမှာ အားလုံးကိစ္စ ဆွေးနွေးချိန်မှာ ကျနော်တို့ သွားရင် မကောင်းဘူးဆိုပြီး စဉ်းစားမိလို့ပါ။ အဓိက အဲ့ဒီ ၂ ချက် စဉ်းစားမိလို့ မတက်တာပါ။

မေး။ ။ AA က တက်တယ်ဆိုတော့ ဒီလက်နက်စွန့်ရမယ်ဆိုတဲ့ မဟာမိတ် ၃ ဖွဲ့ကိစ္စကို တိုင်းရင်းသားတွေနဲ့ပြောဆို ဆွေးနွေးစရာရှိလာရင် AA ကပဲ ဆွေးနွေးလာမှာလား။

ဖြေ။ ။ မဆိုင်ပါဘူး။ ဒီကိစ္စတွေ ပြောဖို့ မရှိပါဘူး။ AA က သူ့အခြေအနေနဲ့ သူ့အနေအထားနဲ့မို့ သူ တက်တာပါ။

မေး။ ။ ဒါဆို မြောက်ပိုင်းမဟာမိတ် ၃ ဖွဲ့က လက်ရှိငြိမ်းချမ်းရေး ဖြစ်စဉ်မှာပါဝင်ဖို့ ဘယ်လို အစီအစဉ်တွေ ရှိသလဲ ။ ဘယ်လို ဆက်လက်လုပ်ဆောင်မှာလဲ။

ဖြေ။ ။ကျနော်တို့ကို အခုတက်လာတဲ့ NLD အစိုးရနဲ့ မြန်မာ့ တပ်မတော်တို့က ဘာမှအထစ်အငေါ့မရှိဘဲ အပစ်ရပ်မှုဝါဒအတိုင်း တခြားတိုင်းရင်းသားအဖွဲ့ တွေအတိုင်း ကျနော်တို့ကို ပါဝင်ခွင့်ပေးမယ်ဆိုရင် တွေ့ ဆုံနိုင်မယ်ဆိုရင် ကျနော်တို့က ပါဝင်ဖို့အသင့်ပါပဲ။ အခုက မြန်မာ့တပ်မတော်က ကျနော်တို့ကို လက်နက်စွန့်ပြီးမှ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ထဲ ပါဝင်ရမယ်ဆိုတာကို အခိုင်အမာ ပြောနေတယ်။ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကလည်း ပြောတယ်။ ဟိုတလောက သတင်းစာရှင်းလင်းပွဲမှာလည်း ပြောတယ်။ အဲ့ဒီလို ဆက်တိုက်ပြောနေတဲ့ အပေါ်မှာ မြန်မာအစိုးရက ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့ အစိုးရကိုယ်စားလှယ်အဖွဲ့တွေက ဘာတစုံတရာပြောဆိုတာမရှိဘူး။ ဒီတော့ မြန်မာ့တပ်မတော် သဘောထားက အစိုးရသဘောထားနဲ့ အတူတူပဲလားဆိုတာလည်း ကျနော်တို့ကစဉ်းစားရမယ့် ကိစ္စဖြစ်ပါတယ်။ အဲ့ဒါတွေမရှင်းမလင်းဖြစ်နေတဲ့ အချိန်မှာ ကျနော်တို့က မိုင်ဂျာယန်အစည်းအဝေး တက်မယ်ဆိုရင် ကျနော်တို့ကြား မရှင်းမလင်းတဲ့ အခြေအနေတွေဖြစ်နိုင်ပါတယ်။ ဒါ့ကြောင့်လည်း သွားမတက်တာပါ။



မေး။ ။ ဒီလက်နက်စွန့်ရမယ်ဆိုတဲ့ကိစ္စက တခြားတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေနဲ့ မိုင်ဂျာယန်လိုမျိုး အစည်းအဝေးမှာ ဆွေးနွေးပြီး အဖြေတစုံတရာ ရဖို့ရော မမျှော်လင့်ဘူးလား။

ဖြေ။ ။ ကျနော်တို့အနေနဲ့ တိုင်းရင်းသားအချင်းချင်းအနေနဲ့တော့ UNFC (ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ )ကိုလည်း ချင်းမိုင်မှာ တွေ့တုန်းက ဒီကိစ္စကို မေးထားတာတွေရှိပါတယ်။ အခုထက်ထိတော့ ဘာမှဖြေကြားတာတော့ မရှိဘူး။ အဲ့ဒါအပြင် UNFC အဖွဲ့အစည်းက ရန်ကုန်မှာ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့တွေ့တော့လည်း ဒီကိစ္စကိုဘာမှရှင်းလင်းပြောကြားတာလည်း ကျနော်တို့မတွေ့ရဘူး။ ဒါ့ကြောင့်ကျနော်တို့မြင်တာကတော့ ဒီကိစ္စက ကျနော်တို့ကြိုးစားမှုပဲ ရနိုင်မယ့်ကိစ္စလို့ ကျနော်တို့မြင်ပါတယ်။ ၂၁ ရာစုပင်လုံညီလာခံကို အမြန်လုပ်ချင်ကြတယ်။ တိုင်းရင်းသားတွေ အားလုံးပါရမယ် ဆိုတာကလည်း တောင်းဆိုချက်တွေအရ ဆွေးနွေးတာတော့ ရှိတာပေါ့။ ဒါပေမယ့်လည်း ကျနော်တို့ အခြေအနေက အများနဲ့ တိုက်ရိုက် လိုက်ပါနိုင်တဲ့ အနေအထား မရှိဘူးလေ။

မေး။ ။ ၂၁ ရာစု ပင်လုံညီလာခံမှာ မဟာမိတ် ၃ ဖွဲ့ပါဝင်ဖို့ အစိုးရနဲ့ ဒေါက်တာတင်မျိုးဝင်းတို့ကော်မတီနဲ့ တွေ့ဖို့ ရော စီစဉ်မှုတွေရှိနေပြီလား။

ဖြေ။ ။ ကျနော်တို့ ညှိနှိုင်းနေဆဲပါ။ မြန်မာ့တပ်မတော်ဘက်က ကျနော်တို့ကို လက်နက်စွန့်ဖို့ ကတိပြုနိုင်တယ်ဆိုတဲ့ ထုတ်ပြန်ချက် လုပ်ရမယ် ပြောထားတော့ အဲ့ဒါကျနော်တို့ မထုတ်ဘူးဆိုရင် ကျနော်ထင်တာက သူတို့တွေမှာမဟုတ်ဘူးလို့ ထင်ပါတယ်။ ကျနော်တို့ကတော့ တွေ့ဖို့ အဆင်သင့်ရှိပါတယ်။ အစိုးရဘက်က ကျနော်တို့ကို မတွေ့တာပါ။ မြန်မာ့ တပ်မတော်ကလည်း ကျနော်တို့ကို မတွေ့တာပါ။

ဧရာဝတီ သတင်းဌာနမှ ပြန်လည်ကူးယူ ဖော်ပြခြင်း ဖြစ်ပါသည်။

# တအာင်းတပ်မတော်သစ္စာ အဓိဋ္ဌာန်

၁. ငါတို့သည် တအာင်းအမျိုးသား၏ ကျေးဇူးသစ္စာကို စောင့်သိရှိသေပါမည်။

၂. ငါတို့သည် တအာင်းမိဘပြည်သူလူထုဖက်မှ အစဉ်ရပ်တည်၍ ကာကွယ်တိုက်ပွဲဝင်သွားပါမည်။

၃. ငါတို့သည် တအာင်းအမျိုးသားလွတ်မြောက်ရေးတိုက်ပွဲ အဆက်ဆက်တွင် ကျဆုံးသွားခဲ့သော အာဇာနည်သူရဲကောင်းအပေါင်း၏ ဂုဏ်ကျေးဇူးကို စောင့်သိရှိသေပါမည်။

၄. ငါတို့သည် တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်အပေါ် သစ္စာစောင့်သိပြီး အထက်အဆင့်ဆင့်မှ ပေးအပ်သော တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ပါမည်။

၅. ငါတို့သည် ဘယ်သောအခါမှ လက်နက်ချ အညံ့ခံမည် မဟုတ်။

# TNLA နှင့် RCSS/SSA တပ်ဖွဲ့တို့ တစ်နေကုန်တိုက်ပွဲတွင် RCSS/SSA တပ်ဖွဲ့မှ (၁၀) ဦးထက်မနည်းကျဆုံး

၂၀၁၆ ခုနှစ် ဇူလိုင်လ ၆ ရက်

တအာင်းဒေသ၊ မန်တုံမြို့နယ်၌ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA)နှင့် RCSS/SSA တပ်ဖွဲ့တို့ နံနက် ၀၅:၀၀ နာရီမှ ညနေ ၁၇:၃၀ နာရီအချိန်ထိ တစ်နေ့လုံးတိုက်ပွဲဖြစ်ပွားခဲ့သည်။ နံနက် ၅:၀၀ နာရီမှ ၈:၀၀ နာရီအထိ ဖြစ်ပွားကာ ၁ နာရီခန့် ခေတ္တရပ်နားပြီး ည ၁၉:၃၀ နာရီအချိန်ထိ ဘွမ်စံကျေးရွာ အနီးတွင်လည်းကောင်း၊ နံနက် ၀၈:၀၀ နာရီမှ ၁၉:၀၀ နာရီအချိန်ထိ တာလက်ကျေးရွာအနီးတွင် လည်းကောင်း၊ နံနက် ၀၈:၃၀ နာရီမှ ၀၉:၀၀ နာရီအချိန်ထိ နမ္မတူမြို့နယ်၊ ပိန်းထွမ်ရွာအနီးတွင်လည်းကောင်း တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) နှင့် RCSS/SSA တပ်ဖွဲ့တို့ ယနေ့ တစ်ရက်တည်း တိုက်ပွဲ ၃ နေရာဖြစ်ပွားခဲ့သည်။

တိုက်ပွဲတွင် တအာင်းတပ်မတော်ဘက်မှ ၂ ဦး အမျိုးသားအတွက် အသက်ပေးလှူဒါန်းခဲ့ပြီး RCSS/SSA တပ်ဖွဲ့မှ၁၀ ဦးထက်မနည်း ကျဆုံးခဲ့ကြောင်း သတင်းပို့ပေးချက်အရသိရသည်။ အဆိုပါဒေသတွင် တအာင်းတပ်မတော် (TNLA)နှင့် RCSS/SSA တပ်ဖွဲ့တို့ ဇူလိုင်လ ၄ ရက်နေ့မှ ဇူလိုင်လ ၆ ရက်နေ့ထိ တိုက်ပွဲ(၈)ကြိမ် ဖြစ်ပွားခဲ့သည်။တအာင်းဒေသအတွင်းသို့ RCSS/SSA တပ်ဖွဲ့များ ပြန်လည်ကျူးကျော်ဝင်ရောက်ရန် ကြိုးစားလာသဖြင့်မှု တိုက်ပွဲဖြစ်ပွားရခြင်းဖြစ်သည်။ ယခုတိုက်ပွဲဖြစ်ပွားရာဒေသတွင် လွန်ခဲ့သောလက RCSS/SSA တပ်ဖွဲ့မှ ပြောင်းဖူးခြံ လုပ်ကိုင်နေသည့် တအာင်းရွာသား အယောက် ၄၀ ကျော် အကြောင်းမဲ့ ဖမ်းဆီးချုပ်နှောင် နှိပ်စက်ပြီး ရွာသား ၃ ဦး အကြောင်းမဲ့ သတ်ဖြတ်ခံခဲ့ကြောင်း သိရသည်။






***** အနိုင်ကျင့်ချင် သူများသို့ *****

တို့တအာင်းမျိုး တောကိုတိုး၍
လက်ဖက်စိုက်ပျိုးကာ သမာအာဇီဝနှင့်
သူတစ်ပါးကို အနိုင်မကျင့်
အခါမလင့် တောင်ယာကိုလုပ်

ရိုးသားရှာသော တအာင်းမျိုးများ
ဘိုးဘွားဘီဘင် ဤတွင်နေ၍
ကြီးပြင်းသော်ငြား အခြားလူမျိုး
မင်းတို့မြေမရှိ ပကတိတို့ရွာ
မင်းတို့မှာများ တအာင်းစကား

တအာင်းစာ မပြောဆိုရ
မသင်ကြားရ တားမြစ်ခဲ့ကြ
ဤလုပ်ရပ်မျိုး ရိုးသားသောစိတ်ထား
ဟုတ်ရဲ့လားလို့ မေးကြည့်ချင်သည်
တန်းတူညီမျှ အခွင့်အရေး
မပေးလိုက ခံရသူ မည်သို့ဖြစ်မည်နည်း

(ယာည်မံန်)